# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၂၂၀)


### တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
ကြေညာချက်အမှတ် (၃ /၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈ နည်းဥပဒေခွဲ(ခ) တို့အရ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၄ ရက်) ကြာသပတေးနေ့၊ ၁၀ ဝဝ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)အောင်လင်းဒွေး
နာယက

### တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ် ( ၂ /၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

**တတိယအကြိမ်ပြည်သူ့လွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်) အင်္ဂါနေ့၊ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)
ခင်ရီ
ဥက္ကဋ္ဌ

### တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ် ( ၁ /၂၀၂၆ )

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

**တတိယအကြိမ် အမျိုးသားလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၅ နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ) တို့အရ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် (၂၀၂၆ ခုနှစ်၊ ဇွန် လ ၂ ရက်) အင်္ဂါနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) အောင်လင်းဒွေး
ဥက္ကဋ္ဌ

# မန္တလေး-မြစ်ကြီးနား လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ နိုင်ငံတော်အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်စေရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကုန်ပစ္စည်းများ တင်ဆောင်လာသည့်မော်တော်ယာဉ်များ မြို့အသီးသီးသို့ ရောက်ရှိ၊ ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာကျေးဇူးတင်စွာ ကြိုဆို



ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များအား မြစ်ကြီးနားမြို့မှ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

နေပြည်တော် မေ ၁၂

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုး၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့် ဒေသများ၌ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter–Terrorism Operation)များကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်၍ မြို့ရွာများအား အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ပြီး ပြည်သူလူထုအတွက် အရေးပါသည့် ဆက်သွယ်ရေးလမ်းကြောင်းများအနက် တစ်ခုဖြစ်သော မန္တလေး–မတ္တရာ–သပိတ်ကျင်း – တကောင်း– ထီးချိုင့်– ကသာ– အင်းတော်– မော်လူး–နန့်စီးအောင်– မိုးညှင်း – မိုးကောင်း – မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ကို မေ ၆ ရက်တွင် အပြည့်အဝ ထိန်းချုပ်၍ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

မြန်မာနိုင်ငံ၏ မြောက်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အခြေခံအဆောက်အအုံတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အထိဆက်သွယ်ထားသည့် မန္တလေး–မတ္တရာ–သပိတ်ကျင်း–တကောင်း–ထီးချိုင့်–ကသာ–အင်းတော်–မော်လူး–နန့်စီးအောင်–မိုးညှင်း–မိုးကောင်း–မြစ်ကြီးနား ဆက်သွယ်ရေး လမ်းကြောင်းအား အကြမ်းဖက်သောင်းကျန်းသူများက ယာယီစိုးမိုးပိတ်ဆို့ထားစဉ်

*စာမျက်နှာ ၄ ကော်လံ ၁* ❏

## ယနေ့ ဖတ်စရာ


**ဆီဖူလုံကာ အသားတိုးထုတ်ဖို့ ပဲပုပ် စိုက်ကြစို့** — ဆောင်းပါး — စာ ၆

**ပုသိမ်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို မဂ္ဂါဝပ် ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်** — ပြည်တွင်းသတင်း — စာ ၇

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ပြည်သူ့လွှတ်တော်ထုတ်ပြန်

**နေပြည်တော် မေ ၁၂**

တတိယအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ် – ၁ (I – 1) သို့ ၂၀၂၆ ခုနှစ်၊ မေလ ၃၀ ရက် (စနေနေ့) ထက်မစော၊ မေလ ၃၁ ရက် (တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ပါသည်။

သတင်းစဉ်

## တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် အမျိုးသားလွှတ်တော်ထုတ်ပြန်

**နေပြည်တော် မေ ၁၂**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၂၆ခုနှစ် ဇွန်လ ၂ ရက်၊ အင်္ဂါနေ့၊ နံနက် ၁၀:၀၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ အမျိုးသားလွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ် – ၁၉ (I –19)သို့ ၂၀၂၆ခုနှစ် မေလ ၃၀ ရက် (စနေနေ့) ထက်မစော မေလ ၃၁ ရက်(တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ပါသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ Naypyitaw State Academy ကျောင်းများနှင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာအောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ရောဝတီတိုင်းဒေသကြီးအတွင်း Football For School Program ဆောင်ရွက်လျက်ရှိသည့် အခြေအနေများစစ်ဆေး

**နေပြည်တော် မေ ၁၂**

အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါ လမ်းညွှန်ချက်အရ Football For School Program ဆိုင်ရာ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပုသိမ်မြို့ရှိ ကိုးသိန်း အားကစားကွင်း ရုံးခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဘောလုံးနည်းစနစ်ပိုင်းဆိုင်ရာ သင်ကြား လေ့ကျင့်ပေးနေမှု၊ အဆင့်မြင့်ရေကူးကန်၌ ရေကူးသရုပ်ပြသနေမှုနှင့် (ဝဲပုံ) မိုးလုံလေလုံအားကစားရုံ တည်ဆောက်မည့် မြေနေရာနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်)ကျောင်းအတွင်း တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## “တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း”

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါ အခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍ သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈–၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှ တစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည် ဖြစ်ပါသည်–

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်



ဌာနဆိုင်ရာဝန်ထမ်းများ ထီးချိုင့်မြို့သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။



ကသာမြို့တွင် တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။



အင်းတော်မြို့တွင် တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများအား ဒေသခံများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။



ဌာနဆိုင်ရာဝန်ထမ်းများအား မြစ်ကြီးနားမြို့မှ ဒေသခံများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။



ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ မတ္တရာမြို့အား ဖြတ်သန်းထွက်ခွာစဉ်။

❏ *ရွှေဖုံးမှ*

ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုများတွင် အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး စားနပ်ရိက္ခာနှင့် နေ့စဉ်သုံးပစ္စည်းများ ရှားပါးလာခြင်း၊ ဆေးဝါးနှင့် အရေးပေါ်သုံးပစ္စည်းများ လုံလောက်စွာမရရှိတော့ခြင်း၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များအား အတင်းအဓမ္မ ဆက်ကြေးကောက်ခံခြင်းများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကြမ်းများပြတ်လပ်ပြီး ကုန်ချောထုတ်လုပ်မှုတွင် အခက်အခဲများဖြစ်ပေါ်ကာ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ကုန်ပစ္စည်းများလည်း ဈေးကွက်သို့မရောက်ရှိတော့ခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများတွင် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရှိရသည်။

လက်ရှိတွင် အဆိုပါဆက်သွယ်ရေးလမ်းကြောင်းအား တပ်မတော်က အပြည့်အဝပြန်လည်သိမ်းပိုက်၍ တပ်မတော်စစ်ကြောင်းများက လမ်းကြောင်းတစ်လျှောက်ရှိ အတားအဆီးနေရာများအား လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ဖယ်ရှားရှင်းလင်းပြီး အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများအား အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေးနှင့် ပို့ဆောင်ဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေးတို့အတွက် တပ်မတော်မှ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် အဆိုပါလမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများ၌ အစိုးရအုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏ နေရပ်ဒေသများ၌ ပြန်လည်အခြေချနေထိုင်စဉ် စားဝတ်နေရေးအဆင်ပြေချောမွေ့စေရေး၊ ကျောင်းဖွင့်ရာသီအမီ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ အချိန်မီရောက်ရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြားသောလိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများသည် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များနှင့် စက်သုံးဆီများ တင်ဆောင်လာသော မော်တော်ယာဉ်များ၊ ကုန်ပစ္စည်းများ တင်ဆောင်ပြီး ကုန်သည်များလိုက်ပါလာသည့် မော်တော်ယာဉ်များ၊ ဒေသခံခရီးသွားယာဉ်များနှင့်အတူ မေ ၉ ရက်တွင် မန္တလေးမြို့မှ စတင်ထွက်ခွာခဲ့ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာဝန်ထမ်းများသည် ကုန်ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့၊ ကသာမြို့၊ အင်းတော်မြို့နှင့် မော်လူးမြို့များသို့ရောက်ရှိစဉ် အဆိုပါမြို့များရှိ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများကလည်းကောင်း၊ ထိုမှတစ်ဆင့် မေ ၁၂ ရက် ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများကလည်းကောင်း အိုးစည်ဒိုးပတ်များ၊ အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကျေးဇူးတင်ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြကြောင်း သိရှိရသည်။

မန္တလေး-မြစ်ကြီးနား လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာအသီးသီး၌လည်း နိုင်ငံတော်အစိုးရမှ တာဝန်ရှိသူများနှင့် တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထုလုံခြုံရေးနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မော်တော်ယာဉ်များဖြင့်ပါရှိလာသည့် အခြေခံစားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို မြို့ရွာအသီးသီးရှိ ဒေသခံပြည်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများမှတစ်ဆင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သည်။ ထို့အပြင် အဆိုပါမော်တော်ယာဉ်များနှင့်အတူပါရှိလာသည့် ကုန်သည်များ သယ်ဆောင်လာသည့် လူသုံးကုန်ပစ္စည်းများအား လမ်းကြောင်းတစ်လျှောက်ရှိ မြို့/ရွာများအတွင်း ပို့ဆောင်ရောင်းချနိုင်ခဲ့သဖြင့် ဒေသတွင်း ကုန်ဈေးနှုန်းကြီးမြင့်ခဲ့မှုများကို လျှော့ချပေးနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ယခုအခါ အဆိုပါလမ်းကြောင်းတစ်လျှောက်တွင် ခရီးသွားမော်တော်ယာဉ်များ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များ ပုံမှန်အတိုင်းသွားလာလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ မန္တလေး-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်နိုင်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ သွားလာနေထိုင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပုံမှန်အတိုင်း အဆင်ပြေချောမွေ့လာပြီး လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှု၏ အကျိုးကျေးဇူးများကို ပြန်လည်ခံစားနိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍများလည်း ပြန်လည်ရရှိတော့မည်ဖြစ်သဖြင့် ဝမ်းမြောက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် မြို့၊ ရွာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ကြမည်ဟု ဝမ်းမြောက်စွာ ရင်ဖွင့်ပြောကြားခဲ့ကြကြောင်း သိရှိရသည်။

လမ်းတံတားဟူသည် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးကြီးသည့် အခြေခံအဆောက်အအုံများတွင်ပါဝင်ပြီး လမ်းတံတားများ ကောင်းမွန်မှသာ လူနှင့်ကုန်စည်များ သွားလာပို့ဆောင်မှုကို မြန်ဆန်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည် ဖြစ်သည်။ ထို့ပြင် လမ်းတံတားများသည် ကျေးလက်နှင့် မြို့ပြဒေသများကို ဆက်သွယ်ပေးနိုင်သဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် အခြားသော လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီရရှိစေမည်ဖြစ်ပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်လုံခြုံရေးအတွက်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သဖြင့် လမ်းနှင့်တံတားများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အကျိုးသက်ရောက်စေနိုင်သည့်အတွက် မြို့၊ ရွာများနှင့် လမ်းတံတားများကိုဖျက်ဆီးပြီး ပြည်သူများအား အနိုင်ကျင့်နှိပ်စက်သည့် အကြမ်းဖက်သောင်းကျန်းသူများအား ပြည်သူလူထုတစ်ရပ်လုံးက ရွံရှာမုန်းတီးလျက်ရှိကြပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ရွာအသီးသီးရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူလူထုသည် နိုင်ငံတော်၊ တပ်မတော်တို့နှင့်အတူ တစ်သားတည်းရှိနေမည်ဖြစ်ကြောင်း သိရှိရသည်။

၁။ ကျွန်မတို့ အခု ဒီလမ်းဖွင့်ပွဲအစီအစဉ်ကတော့ မြစ်ကြီးနားနဲ့ မန္တလေး ဒီလမ်းကို မေလ ၆ ရက်နေ့မှာ ဖွင့်လှစ်လိုက်တယ်ဆိုတာ ကျွန်မတို့ သိရပါတယ်။ အဲ့ဒီမေလ ၆ ရက်နေ့မှာ ဖွင့်လှစ်တဲ့လမ်းကတော့ နိုင်ငံတော်အကြီးအကဲများနဲ့ တပ်မတော်၊ ဌာနဆိုင်ရာအကုန်လုံး ပူးပေါင်းပြီးမှ ဒီလမ်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရပါတယ်။ ဒီလမ်းဖွင့်လှစ်ခဲ့တဲ့ အချိန်ကနေစပြီး ယာဉ်တန်းကြီးနဲ့ ဌာနဆိုင်ရာမှာ တာဝန်ထမ်းဆောင်တဲ့၊ ဒေသအသီးသီးမှာ တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းတွေလည်း ပါရှိလာတယ်။ ဒီယာဉ်တန်းကြီးနဲ့အတူ ပါလာတယ်။ စားနပ်ရိက္ခာ၊ ကုန်စည်တွေနဲ့ ထုတ်ကုန်၊ လူသုံးကုန်ပစ္စည်းတွေလည်း ပါခဲ့တယ်ဆိုတာ ကျွန်မတို့ သိခဲ့ရပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ရှောင်နေကြတဲ့ ကိုယ့်ဒေသနဲ့ ရပ်/ကျေးနဲ့စွန့်ခွာပြီး

*စာမျက်နှာ ၅ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အာဆီယံမိသားစု ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်ဆိုင်ရာညီလာခံနှင့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့ တက်ရောက်

**နေပြည်တော် မေ ၁၂**

ဖိလစ်ပိုင်နိုင်ငံက ဦးဆောင်၍ ၂၀၂၆ ခုနှစ် မေ ၁၂ရက်မှ ၁၄ ရက်အထိ Video Conference စနစ်ဖြင့် ကျင်းပသည့် အာဆီယံမိသားစု ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်ဆိုင်ရာညီလာခံနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Social Welfare and Development –AMMSWD)၏ ဥက္ကဋ္ဌဖြစ်သူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဖိလစ်ပိုင်နိုင်ငံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ဝန်ကြီးဖြစ်သူ H.E Rex Gatchalian က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမှာစကားပြောကြားရာတွင် ကျား၊ မ တန်းတူညီမျှရေးနှင့် မိသားစုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံကြေညာချက်နှင့် လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် မိသားစု၏ အရေးပါမှုဆိုင်ရာ ဘန်ဒါဆရီဘီဂါဝမ်ကြေညာချက်တို့သည် မိသားစုများအား ပိုမိုကူညီပေးနိုင်ရေးနှင့် ခိုင်မာအားကောင်းစွာ တည်ဆောက်နိုင်ရေးတို့အတွက် ကတိကဝတ်များဖြစ်ကြောင်း။

အာဆီယံဒေသတွင်း မိသားစုများ၏ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် အားလုံးပါဝင်နိုင်ပြီး လိုက်လျောညီထွေရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များမှတစ်ဆင့် ထိခိုက်လွယ်အုပ်စုများထံ ရောက်ရှိနိုင်မည့် မိသားစုကိုဗဟိုပြုသော မူဝါဒများနှင့် အားပေးကူညီသည့် အစီအမံများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ပိုမိုလက်လှမ်းမီစေမည့် ပေါင်းစပ်ချဉ်းကပ်မှုနှင့် ဟန်ချက်ညီသောစနစ်များ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းပြောကြားသည်။



ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

နေတဲ့လူတွေရော ဒီကျောင်းမဖွင့်ခင်မှာ ကိုယ့်ကလေးတွေ ပညာသင်ကြားဖို့အတွက်လည်း ကျွန်မတို့ကို နိုင်ငံတော်အစိုးရကလည်း ပံ့ပိုးထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ကိုယ့်နေရာနဲ့ကိုယ် ပြန်သွားပြီးတော့ အချိန်မီ ကလေးတွေကိုလည်း ကျောင်းအပ်နိုင်ဖို့အတွက် စီစဉ်ထားပါတယ်။ ဒါကို ကျွန်မတို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ကိုယ့်အိုးကိုယ့်အိမ်ကို၊ ကိုယ့်ဒေသကို ပြန်လည်ရောက်ရှိသွားအောင် ကိုယ့်ဟာကိုယ်သွားပြီးမှ ကလေးတွေ ပညာရေးအတွက်ကိုလည်း နောက်မကျအောင် ၊ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်စီစဉ်ပေးနေတယ်ဆိုတာလည်း ကျွန်မတို့ သိရတယ်။ အဲ့ဒါကြောင့်မို့လို့ ကိုယ့်နေရာနဲ့ကိုယ် ကိုယ့်ဒေသကို ပြန်သွားဖို့လည်း ကျွန်မအနေနဲ့ တိုက်တွန်းလိုပါတယ်။ ဒါကြောင့် ဒီနေ့ကျတော့ ကျွန်မတို့ မြစ်ကြီးနားမှာ ရောက်ရှိလာမှာ ဖြစ်တဲ့အတွက်ကြောင့်မို့ ကျွန်မတို့ လာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကုန်စည်စီးဆင်းမှုကလည်း လမ်းပွင့်သွားတဲ့အတွက် ကုန်ဈေးနှုန်းတွေ ပုံမှန်ကျဆင်းလာပြီး ကျွန်မတို့ ခရီးသွားလာရေး လှုပ်ရှားမှုကလည်း ပုံမှန်အတိုင်း သွားလာလို့ရတဲ့အတွက်ကြောင့် ပြည်သူအနေနဲ့လည်း အထူးပဲ ဝမ်းမြောက်ပါတယ်လို့ ပြောချင်ပါတယ်။ အထူးကျေးဇူးတင်ပါတယ်။







၂။ အခုလို ယာဉ်တန်းတွေ ဝင်လာတဲ့အတွက်ကြောင့်မို့ ကုန်စည်ပစ္စည်းတွေလည်း သက်သာလာတော့မှာပါ။ ပြီးရင် အဘက်ဘက်ကလည်း အားလုံးအဆင်ပြေလာတော့မှာပါ။ ဒီယာဉ်တန်းတွေမှာ ဝန်ထမ်းတွေလည်း ပါလာတာသိရပါတယ်။ ဒီထဲမှာ ကျောင်းသုံးပစ္စည်းတွေလည်း ပါလာမှာဖြစ်တယ်လို့ သိရပါတယ်။ အဲဒီအတွက်ကြောင့် ကျောင်းဖွင့်ရာသီလည်း ရောက်တော့မှာဖြစ်တဲ့အတွက် မိဘပြည်သူတွေအနေနဲ့လည်း ကိုယ့်သားသမီးတွေ ပညာတတ်မြောက်နိုင်ရေးအတွက် ကျောင်းထားကြပါလို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

၃။ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသွားတဲ့အတွက်ကြောင့်မို့ အနယ်နယ်အရပ်ရပ်မှာ ရှိကြတဲ့ ကျောင်းသားတွေဟာဆိုရင် ကိုယ့်ရွာကို ပြန်ပြီးတော့ အခုလိုမျိုးကျောင်းတက်ခွင့်ရတဲ့အတွက် ကျွန်မ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အခုလိုမျိုး အကြောင်းအမျိုးမျိုးကြောင့် ကိုယ့်အိမ်ကိုယ့်ပြည်နယ်ကို စွန့်ခွာသွားကြတဲ့သူတွေလည်း အခု ကျောင်းဖွင့်ရာသီရောက်လာတဲ့နည်းတူ အတူတကွ ကျောင်းလာအပ်ကြဖို့ တိုက်တွန်းလိုပါတယ်။ ကျွန်မလိုမျိုး ကျောင်းသား ကျောင်းသူတွေလည်း ကျောင်းမှာ ပြန်အပ်နှံဖို့ တိုက်တွန်းလိုပါတယ်။

---

## ညောင်တုန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲကျင်းပ

**ညောင်တုန်း မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်က မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲရုံး၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မြို့နယ်မန်နေဂျာတို့က ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်ဝိုင်းကျေးရွာအုပ်စုနှင့် ဗျောသလန်းကျေးရွာအုပ်စုမှ တောင်သူ ၂၂၀ သို့ ၁၄၈၀ ဧကအတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် ၄၄၄၃ သိန်းကို တောင်သူများ လက်ဝယ်သို့ ချေးငွေများပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြောင်း အသိပညာပေးဆွေးနွေး

**ညောင်ဦး မေ ၁၂**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မေ ၁၂ ရက်က ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်တင့်တင်အောင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်သူတို့က ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ "A Global Call for Climate Action" ဖြင့် အသိပညာပေးဆွေးနွေးသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံဆောင်ပုဒ်နှင့် ရည်ရွယ်ချက်၊ ညောင်ဦးခရိုင် အနေဖြင့် လှုပ်ရှားဆောင်ရွက်မည့်အစီအစဉ်၊ ရာသီဥတုပြောင်းလဲမှုကြောင့် ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများ စသည်တို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

## ကျိုက်လတ်မြို့နယ် မီးသတ်ဦးစီးဌာနမှ ရေဘေးအန္တရာယ် အသိပညာပေး



**ကျိုက်လတ် မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်းရှိပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြုံတွေ့ပါက မှန်ကန်သော နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်စေရေး အသိပညာပေးခြင်းကို ယနေ့နံနက်က ကျေးရွာများသို့ ဆက်သွယ်သွားလာနေကြသည့် ဈေးရပ်ကွက် သင်္ဘောဆိပ်နှင့် ကူးတို့ဆိပ်များတွင် ပြုလုပ်ခဲ့ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းနှင့် တပ်ဖွဲ့ဝင်များက ခရီးသွားပြည်သူများရေဘေးအန္တရာယ် ကြုံတွေ့ပါက အသက်ဆုံးရှုံးမှု မရှိစေရေးအတွက် အသက်ကယ်အင်္ကျီများ စနစ်တကျဝတ်ဆင်ပုံနည်းလမ်းများ၊ စက်လှေ၊ သင်္ဘောများတွင် (life jacket)၊ (life buoy) များ ပါရှိစေရေး စစ်ဆေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှိုင်မင်းအောင် (ပြန်/ဆက်)**

**မော်တော်ယာဉ်မောင်းနှင်သူများ**
**လောင်စာဆီထည့်ရာတွင်**
**လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်–

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ဆီဖူလုံကာ အသားတိုးထုတ်ဖို့ ပဲပုပ် စိုက်ကြစို့

**ပီပီအိုင်ဘီ**

ပဲပုပ်သည် နိုင်ငံအတွင်းထွက်ရှိသော ပဲမျိုးစုံ သီးနှံများအနက် ပြည်ပနိုင်ငံ (အထူးသဖြင့် တရုတ်နှင့် အိန္ဒိယနိုင်ငံ)များသို့ တင်ပို့ရောင်းချပြီး နိုင်ငံခြားငွေ အများဆုံးရှာဖွေပေးနေသော သီးနှံတစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသော ပဲမျိုးစုံသီးနှံများတွင် ပဲပုပ်သည် မြေပဲကဲ့သို့ စားသုံးဆီထုတ်လုပ်နိုင်သည့် သီးနှံတစ်မျိုးဖြစ်သည်။ ပဲပုပ်ကို အထွက်တိုးအောင် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ပါက ပြည်တွင်းစားသုံးဆီဖူလုံမှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်ကို လေ့လာချက်များအရ တွေ့ရှိရသည်။ ထို့အပြင် ပဲပုပ်ကြိတ်ဖတ်ကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ခြင်းကြောင့် တောင်သူဦးကြီးများ ဝင်ငွေတိုးတက်မြင့်မားရေးအတွက် များစွာအထောက်အကူပြုမည့် သီးနှံလည်း ဖြစ်ပါသည်။

**✻ ပဲပုပ်သည် အာဟာရဓာတ် ကြွယ်ဝစွာပါဝင်သည့် သီးနှံတစ်ခုဖြစ်ပြီး စိုက်ပျိုးသည့် ပဲပုပ်မျိုးကွဲပြားမှုအပေါ်မူတည်၍ ပျမ်းမျှအားဖြင့် အသားဓာတ် ၄၀ ရာခိုင်နှုန်း၊ ဆီ ၂၀ ရာခိုင်နှုန်း အသီးသီးပါဝင်ကြောင်း တွေ့ရှိရ၊ ဆီထွက်ပဲပုပ် တစ်တင်းအား ဆီကြိတ်ခွဲလျှင် စားသုံးဆီ သုံးပိဿာခန့်နှင့် ကြိတ်ဖတ် ၁၆ ပိဿာခန့် ထွက်ရှိကြောင်း တွေ့ရပြီး ပဲပုပ်ဆီသည် ကျန်းမာရေးကို များစွာအထောက်အကူပြုကြောင်း ကျန်းမာရေးသုတေသီများက လေ့လာဖော်ထုတ်ထားကြပြီး ကမ္ဘာ့ထိပ်တန်းစားသုံးဆီများတွင် ပါဝင်လျက်ရှိသည်ကို တွေ့ရှိရ၊ ပဲပုပ်ကို ဆီထုတ်ပြီးနောက် ကျန်ရှိသည့် ကြိတ်ဖတ်တွင်လည်း အသားဓာတ်ကြွယ်ဝစွာ ပါရှိသည့်အပြင် တိရစ္ဆာန်များအတွက် လိုအပ်သည့် အမိုင်နိုအက်စစ် မြောက်မြားစွာ ပါဝင်သည့်အတွက် တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြရာ ဈေးကွက်ကျယ်ပြန့်စွာရှိသည့် သီးနှံအမျိုးအစားလည်းဖြစ် . . .**

ကျွန်တော်တို့ မြန်မာနိုင်ငံသားများ နေ့စဉ်စားသုံးနေသော အစားအစာများတွင် စားသုံးဆီ တစ်မျိုးမျိုးကို မဖြစ်မနေသုံးစွဲနေကြရသည်။ ထိုသို့သုံးစွဲသည့် စားသုံးဆီသည် အရည်အသွေးပြည့်မီသည့် စားသုံးဆီဖြစ်ရန် လိုအပ်ပါသည်။ ကုန်စုံဆိုင်တစ်ဆိုင်ရှိ စားသုံးဆီများ ထားရာနေရာတွင် ထုပ်ပိုးမှုပုံစံ သေသပ်စွာဖြင့် ခင်းကျင်းထားသော စားသုံးဆီဘူးများ၌ မြေပဲဆီ၊ နေကြာဆီ၊ ဟင်းသီးဟင်းရွက်ဆီများနှင့် ယှဉ်တွဲလျက် ပါဝင်နေသော စားသုံးဆီတစ်မျိုးမှာ ပဲပုပ်ဆီ (Soy Bean Oil) ဖြစ်သည်။ Cook Soybean oil၊ Yarthetpan soybean oil၊ Meizan soybean oil နှင့် ထိုင်းစာတန်းပါ ပဲပုပ်ဆီ စသည်ဖြင့် အမည်အမျိုးမျိုးကို ပြည်တွင်းဈေးကွက်အတွင်း တွေ့ရှိရပါသည်။ အဆိုပါ ဆီအများစုသည် ပြည်ပမှအဓိက တင်သွင်းထားခြင်းဖြစ်သဖြင့် စားသုံးသူဈေးကွက်ကြီးမားစွာရှိသည့် ပဲပုပ်ဆီကို ပြည်တွင်း၌ မဖြစ်မနေထုတ်လုပ်သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

### ကျန်းမာရေးကို များစွာအထောက်အကူပြု

ပဲပုပ်သည် အာဟာရဓာတ်ကြွယ်ဝစွာပါဝင်သည့် သီးနှံတစ်ခုဖြစ်ပြီး စိုက်ပျိုးသည့် ပဲပုပ်မျိုး ကွဲပြားမှုအပေါ်မူတည်၍ ပျမ်းမျှအားဖြင့် အသားဓာတ် ၄၀ ရာခိုင်နှုန်း၊ ဆီ ၂၀ ရာခိုင်နှုန်း အသီးသီး ပါဝင်ကြောင်း တွေ့ရှိရသည်။ ဆီထွက်ပဲပုပ် တစ်တင်းအား ဆီကြိတ်ခွဲလျှင် စားသုံးဆီ သုံးပိဿာခန့်နှင့် ကြိတ်ဖတ် ၁၆ ပိဿာခန့် ထွက်ရှိကြောင်း တွေ့ရသည်။ ပဲပုပ်ဆီသည် ကျန်းမာရေးကို များစွာအထောက်အကူပြုကြောင်း ကျန်းမာရေးသုတေသီများက လေ့လာဖော်ထုတ်ထားကြပြီး ကမ္ဘာ့ထိပ်တန်းစားသုံးဆီများတွင် ပါဝင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ပဲပုပ်ကို ဆီထုတ်ပြီးနောက် ကျန်ရှိသည့် ကြိတ်ဖတ်တွင်လည်း အသားဓာတ် ကြွယ်ဝစွာပါရှိသည့်အပြင် တိရစ္ဆာန်များအတွက် လိုအပ်သည့် အမိုင်နိုအက်စစ် မြောက်မြားစွာ ပါဝင်သည့်အတွက် တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြရာ ဈေးကွက်ကျယ်ပြန့်စွာရှိသည့် သီးနှံအမျိုးအစားလည်း ဖြစ်ပါသည်။

### အကျိုးအမြတ်သေချာပြီး အမြတ်ငွေပိုမိုရရှိနိုင်မည်

မြန်မာနိုင်ငံ၏ တိရစ္ဆာန်မွေးမြူရေးကဏ္ဍတွင် ပြည်တွင်းဆီစက်များမှထွက်ရှိသော ဆီကြိတ်ဖတ်များဖြစ်သည့် ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်၊ မုန်ညင်းဖတ်၊ ပန်းနှမ်းဖတ်၊ ပဲပုပ်ဖတ် စသည်တို့အနက် လက်ရှိတွင် ပဲပုပ်ဖတ်အား တိရစ္ဆာန်အစာစက်ရုံများတွင် အသုံးပြုမှုများပြားပြီး ပြည်တွင်းဝယ်လိုအားများရှိကာ ဈေးကောင်းရရှိလျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် အကျိုးအမြတ်သေချာပြီး မြေပဲထက်ပင် အမြတ်ငွေပိုမိုရရှိနိုင်မည်ဖြစ်သည့်အတွက် ပဲပုပ်စိုက်ပျိုးသည့် တောင်သူဦးကြီးများ အကျိုးအမြတ်များမည်မှာ သေချာသောသီးနှံဖြစ်သည်။ ပြည်တွင်းလိုအပ်ချက်များသည့်အတွက် တိုးချဲ့စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးလည်းဖြစ်ပါသည်။

### စားသုံးဆီ ထုတ်လုပ်မှု ၉၀ ရာခိုင်နှုန်းကျော်ကို ပဲပုပ်မှထုတ်လုပ်

ကမ္ဘာ့နိုင်ငံများ၏ ပဲပုပ်ထုတ်လုပ်မှုကို လေ့လာကြည့်ပါက ဘရာဇီး၊ အမေရိကန်နှင့် အာဂျင်တီးနားနိုင်ငံတို့သည် ပဲပုပ်သီးနှံအများဆုံး စိုက်ပျိုးထုတ်လုပ်ကြပြီး ကမ္ဘာ့ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းခန့်အထိ စိုက်ပျိုးထုတ်လုပ်ကြသည်ကို တွေ့ရှိရသည်။ အမေရိကန်နိုင်ငံအနေဖြင့် နိုင်ငံအတွင်း ဆီထွက်သီးနှံမှ စားသုံးဆီ ထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို ပဲပုပ်မှထုတ်လုပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပဲပုပ်ကို ကမ္ဘာတစ်ဝန်းလုံးရှိ စိုက်ပျိုးနိုင်သောမြေ၏ ၆ ရာခိုင်နှုန်းခန့်တွင် စိုက်ပျိုးလျက်ရှိပြီး နှစ်စဉ်တိုးတက်စိုက်ပျိုး ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ပဲပုပ်ကို အများဆုံးတင်သွင်းသည့် နိုင်ငံများမှာ တရုတ်၊ အီးယူ၊ မက္ကဆီကို၊ ဂျပန်၊ ထိုင်း၊ အီဂျစ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ ဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။

### အထွက်နှုန်းအကောင်းဆုံးမှာ ပဲခူးတိုင်းဒေသကြီးဖြစ်

ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဆီထွက်ပဲပုပ်သီးနှံ စိုက်ပျိုးထုတ်လုပ်ရန် အရင်းအမြစ်များစွာရှိသကဲ့သို့ ရှေးနှစ်ပေါင်းများစွာကပင် စိုက်ပျိုးထုတ်လုပ်ခဲ့ကြသည်ကို လေ့လာတွေ့ရှိရသည်။ ပဲပုပ်ကို ရှမ်းပြည်နယ်၌ အဓိကစိုက်ပျိုးသည်ကို တွေ့ရှိရပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ဧက **၂၅၉၁၂၃** ဧကရှိသည့်အနက် ရှမ်းပြည်နယ်က ဧက **၁၂၆၈၆၀** စိုက်ပျိုးခဲ့သဖြင့် တစ်နိုင်ငံလုံး ပဲပုပ်စိုက်ဧက၏ ၅၀ ရာခိုင်နှုန်းနီးပါးရှိကြောင်း တွေ့ရှိရသည်။ ကချင်ပြည်နယ်၊ စစ်ကိုင်း၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း စုစုပေါင်းဧက တစ်သိန်းကျော်စိုက်ပျိုးကြပြီး တစ်နိုင်ငံလုံး၌ ပဲပုပ်တစ်ဧက ပျမ်းမျှအထွက်နှုန်း ၁၈ တင်းကျော် ထွက်ရှိသည်။ အထွက်နှုန်း အကောင်းဆုံးမှာ ပဲခူးတိုင်းဒေသကြီးဖြစ်ပြီး တစ်ဧကပျမ်းမျှအထွက်နှုန်း တင်း ၂၀ ကျော်အထိ ထွက်ရှိကြောင်းတွေ့ရှိရပါသည်။ ပဲပုပ်ကို သီးသန့်သော်လည်းကောင်း၊ အစေ့ထုတ်ပြောင်း၊ နေကြာသီးနှံတို့နှင့်အတူ သီးညှပ်သီးနှံအဖြစ်လည်းကောင်း စိုက်ပျိုးကြသည်။ ပဲပုပ်သည် တစ်ရာသီခံ သီးနှံပင်ဖြစ်ပြီး ရှမ်းပြည်နယ်၌ မိုးရာသီနှင့် ဆောင်းရာသီတို့တွင် စိုက်ပျိုးကြကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် စပါးရိတ်သိမ်းအပြီး ဆောင်းရာသီ၌ သီးထပ်သီးနှံအဖြစ် စိုက်ပျိုးကြသည်ကို တွေ့ရှိရသည်။ ထိုသို့ သီးထပ်စိုက်ပျိုးမည်ဆိုပါက နောက်အကျဆုံး အောက်တိုဘာလကုန်တွင် ရိတ်သိမ်းနိုင်သည့် သက်လတ်မိုးစပါးမျိုးကို စိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေးပညာရှင်များက အကြံပြုထားသည်ကို လေ့လာသိရှိရပါသည်။

### တိရစ္ဆာန်အစာအတွက် ပြန်လည်အသုံးပြု

နိုင်ငံတော်ကို စိုက်ပျိုးရေးစွမ်းအားရှိသည့်နိုင်ငံ (Agricultural Power Country)အဖြစ် ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်ရန် လိုအပ်ပါသည်။ ထုတ်လုပ်ရရှိလာသော လယ်ယာစိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများမှ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နေသည့်နည်းတူ ပြည်တွင်းသို့ ပြန်လည်တင်သွင်းနေရသည့် ကုန်ပစ္စည်းများကိုလည်း အစားထိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ မျက်မှောက်ကာလ၌ နိုင်ငံသူနိုင်ငံသားများ၏ နေ့စဉ်လူမှုဘဝတွင် မဖြစ်မနေသုံးစွဲနေရသည့် စားသုံးဆီများ၏ လိုအပ်ချက်မြင့်မားလျက်ရှိရာ ပြည်ပနိုင်ငံများမှ နှစ်စဉ်ပမာဏများပြားစွာ မှာယူတင်သွင်းနေရသည့်အတွက် မလိုအပ်ဘဲ နိုင်ငံခြားသုံးငွေ အမြောက်အမြားကို သုံးစွဲနေကြရသည်ကို တွေ့ရှိရသည်။ အဓိကအားဖြင့် ပြည်ပမှ မှာယူတင်သွင်းနေရသည့် စားသုံးဆီများမှာ စားအုန်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ၊ မုန်ညင်းဆီနှင့် သံလွင်ဆီတို့ ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့အတူ တိရစ္ဆာန်မွေးမြူရေးကဏ္ဍအတွက် ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ရေး ပြည်ပမှ နှစ်စဉ်တန်ချိန်များစွာ မှာယူတင်သွင်းနေရသဖြင့် ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော ပဲပုပ်ကို စားသုံးဆီအဖြစ် ကြိတ်ခွဲအသုံးပြုခြင်းဖြင့် နိုင်ငံတော်၏ စားသုံးဆီဖူလုံမှုကို အထောက်အကူဖြစ်စေမည့်အပြင် ထွက်ရှိလာသော ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအတွက် ပြန်လည်အသုံးပြုခြင်းဖြင့် ပြည်ပမှတင်သွင်းနေရမှုကို လျှော့ချနိုင်မည် ဖြစ်ပါသည်။

### ပြည်တွင်းစားသုံးဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်

ထို့ကြောင့်လည်း ပြည်ပနိုင်ငံများမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချပြီး ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရန်အတွက် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးရန် နိုင်ငံတော်မှ စီမံချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပဲပုပ်ကြိတ်ဖတ်ကဲ့သို့သော အစာကုန်ကြမ်းသည်လည်း မရှိမဖြစ် လိုအပ်လျက်ရှိသည့်အတွက်ကြောင့် ပဲပုပ်သီးနှံသည် ပြည်တွင်းစားသုံးဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည့်အပြင် ပြည်ပမှ ပဲပုပ်ကြိတ်ဖတ်တင်သွင်းမှုကို လျှော့ချပေးနိုင်သည့် အလားအလာကောင်းသော သီးနှံတစ်ခု ဖြစ်သည့်အတွက် ဆီထွက်ပဲပုပ်ကို မဖြစ်မနေ တိုးချဲ့စိုက်ပျိုးကြရမည် ဖြစ်ပါသည်။ ပဲပုပ်ကို သီးသန့်စိုက်ပျိုးထုတ်လုပ်ခြင်းအပြင် သီးထပ်၊ သီးညှပ်အဖြစ်ပါ တိုးချဲ့စိုက်ပျိုးကြရန် လိုအပ်မည် ဖြစ်ပါသည်။

### ပြည်တွင်းဈေးကွက် သေချာသည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်

ကျွန်တော်တို့ နိုင်ငံသားများသည် ပဲပုပ်ကို ပဲပင်ပေါက်၊ ပဲဟင်း၊ ဗယာကြော်၊ တို့ဟူး၊ ပဲနို့၊ ပဲပုပ်ဆော့၊ ပဲပုပ်ပြား၊ ပဲပြား၊ ဒိန်ချဉ်၊ ပဲပြားပူတင်း၊ ပဲပုပ်ထောင်း၊ ပဲပုပ်စေ့လှော်၊ ဆီတို့ဟူး၊ ကြာညို့၊ ပဲငံပြာရည်၊ ပဲမုန့် စသည်ဖြင့် အမျိုးမျိုးပြုလုပ်၍ စားသုံးကြသကဲ့သို့ ယခုအခါ ပဲပုပ်ဆီထုတ်လုပ်ခြင်းနှင့် ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ်ပါ အသုံးပြုလာကြသောကြောင့် ပြည်တွင်းဈေးကွက် သေချာသည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည့်အတွက် ပဲပုပ်ကို မဖြစ်မနေ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြရမည် ဖြစ်ပါသည်။ ပဲပုပ်ဆီကို အရည်အသွေးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်မည့်အပြင် ပြည်တွင်းစားသုံးဆီ ဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ပိုလျှံသည်များကိုလည်း ပြည်ပသို့ပြန်လည် တင်ပို့ရောင်းချနိုင်မည်ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*

**❝ပဲပုပ်ကို ပဲပင်ပေါက်၊ ပဲဟင်း၊ ဗယာကြော်၊ တို့ဟူး၊ ပဲနို့၊ ပဲပုပ်ဆော့၊ ပဲပုပ်ပြား၊ ပဲပြား၊ ဒိန်ချဉ်၊ ပဲပြားပူတင်း၊ ပဲပုပ်ထောင်း၊ ပဲပုပ်စေ့လှော်၊ ဆီတို့ဟူး၊ ကြာညို့၊ ပဲငံပြာရည်၊ ပဲမုန့် စသည်ဖြင့် အမျိုးမျိုးပြုလုပ်၍ စားသုံးကြသကဲ့သို့ ယခုအခါ ပဲပုပ်ဆီထုတ်လုပ်ခြင်းနှင့် ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ်ပါ အသုံးပြုလာကြသောကြောင့် ပြည်တွင်းဈေးကွက် သေချာသည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည့်အတွက် ပဲပုပ်ကို မဖြစ်မနေ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြရမည်❞**

# ပုသိမ်နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို မဂ္ဂါဝပ် ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

**ပုသိမ် မေ ၁၂**

ဧရာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ပုသိမ်စက်မှုစီမံကိန်းနှင့် 30 MW Solar Power Generation Project လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁) ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကုမ္ပဏီမှ တာဝန်ရှိသူများက အဆိုပြုဆိုလာစီမံကိန်း 30 MW မှ ထုတ်လုပ်ပေးနိုင်မည့် လစဉ်ဓာတ်အားအခြေအနေ၊ မဟာဓာတ်အားလိုင်းသို့ ချိတ်ဆက်နိုင်မှု၊ နေရောင်ခြည်စွမ်းအင်ရရှိနိုင်မှု အခြေအနေ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ၊ စီမံကိန်းအမြန်ဆုံး စတင်ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ မဂ္ဂါဝပ် ၃၀၊ ပုသိမ်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကို မေ ၂၆ ရက်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၇ ခုနှစ် မေ ၂၆ ရက်တွင် လုပ်ငန်းပြီးစီးမည်ဖြစ်သည်။ ကနဦး မဂ္ဂါဝပ် ၃၀ ဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ကာ စီမံကိန်းအကောင်အထည်ဖော်နိုင်မည့်မြေနေရာ ရရှိမှုအပေါ်မူတည်၍ မဂ္ဂါဝပ် ၉၀ အထိ ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# ပုသိမ်သင်တန်းစခန်းများ၌ သင်တန်းသား သင်တန်းသူများ လေ့ကျင့်သင်ကြားလျက်ရှိ

**နေပြည်တော် မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကျောင်းသားလူငယ်များ နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အခြေခံလေကြောင်းဆိုင်ရာ ပညာရပ်များကို စိတ်ပါဝင်စားပြီး ကျွမ်းကျင်တတ်မြောက်စေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် လေယာဉ်ပျံသန်းမှုဆိုင်ရာ ပညာရပ်များကို နားလည်သိရှိစေရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်လက်ကြံ့ခိုင်မှုနှင့် စည်းလုံးညီညွတ်မှု ရှိစေရန်နှင့် လူငယ်လူရွယ်များအား အခြေခံရေကူး၊ ရေတပ်သားပညာရပ်၊ အလံအချက်ပြ ဆက်သွယ်ရေးဘာသာရပ်နှင့် လေ့လော့ရွက်တိုက်ဘာသာရပ်များ သိရှိနားလည်၍ ရေကြောင်းသွားလာမှု ဆိုင်ရာ ပညာရပ်များကို စိတ်ပါဝင်စားပြီး အနာဂတ်မျိုးဆက်သစ် ရရှိစေရန် တို့အတွက် ရည်ရွယ်၍ အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် ရေကြောင်းလူငယ်အခြေခံ သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းများကို ဧပြီ ၂၇ ရက်မှ စတင်၍ ပုသိမ်မြို့ရှိ ပုသိမ်သင်တန်းစခန်း အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁၀) တက်ရောက်သင်ကြား လေ့ကျင့်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများ သင်ကြားလေ့ကျင့်နေမှုအား ယမန်နေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သင်တန်းသားသင်တန်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့ပြင် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်သင်တန်းစခန်း၌ တက်ရောက် သင်ကြားလေ့ကျင့်နေသော ရေကြောင်းလူငယ် အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းသားသင်တန်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာ အတူတကွ သုံးဆောင်ကြပြီး သင်တန်းသား သင်တန်းသူများ သင်ကြားနေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# MSME များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပံ့ပိုးမှုများ အမှန်တကယ် အကျိုးရှိထိရောက်အောင်ဆောင်ရွက်

**နေပြည်တော် မေ ၁၂**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံပြီး ဌာနခွဲအလိုက်လုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက Agro-based Industries များ၊ MSME များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဦးတည်လျက် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပံ့ပိုးမှုများကို အမှန်တကယ် အကျိုးရှိထိရောက်အောင် ဆောင်ရွက်သွားရန်၊ MSME One Stop Service Center နှင့် One Region One Product (OROP) ဆိုင်ရာလုပ်ငန်းများအား မြှင့်တင်ဆောင်ရွက်သွားရန်၊ ဌာနခွဲနှင့် အဖွဲ့အစည်းလိုက် စွမ်းဆောင်ရည်များ အမှန်တကယ်တိုးတက်မှုရှိစေရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဌာနခွဲအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



*စာမျက်နှာ ၆ မှ*

**မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်မျှတအောင်**

**စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းကောင်းကာ ဝင်ငွေတိုးမည်**

ပဲပုပ်စိုက်ပျိုးရန်အတွက် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ ရရှိစိုက်ပျိုးနိုင်ရေးအတွက် မြန်မာ့ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် မျိုးများအဖြစ် မိုးရာသီတွင် စိုက်ပျိုးမည်ဆိုပါက တောင်ပေါ်မြေပြန့်ဒေသ အားလုံးအတွက် ရေဆင်း ၃၊ ရေဆင်း ၆၊ ရေဆင်း ၁၁၊ ရေဆင်း ၁၂၊ ရေဆင်း ၁၄ နှင့် ရေဆင်း ၁၅ တို့မှာ သင့်တော်သောမျိုးများဖြစ်ပြီး မိုးနှောင်းရာသီ ကိုင်းကျွန်းမြေများတွင် အောက်တိုဘာလအတွင်း၌ စိုက်ပျိုးမည်ဆိုပါက ရေဆင်း ၃၊ ရေဆင်း ၆၊ ရေဆင်း ၁၁ နှင့် ရေဆင်း ၁၅ မျိုးတို့သည် သင့်တော်ကြောင်း စိုက်ပျိုးရေးပညာရှင်များက သုတေသနပြုဖော်ထုတ်ထားသည်ကို တွေ့ရှိရသည်။ စပါးရိတ်သိမ်းအပြီး သီးထပ်အဖြစ် စိုက်ပျိုးသောဒေသများအတွက် ရေဆင်း ၆၊ ရေဆင်း ၁၁ နှင့် ရေဆင်း ၁၅ မျိုးတို့ကို စိုက်ပျိုးသင့်ကြောင်းလည်း အကြံပြုထားသည်ကို တွေ့ရှိရပါသည်။ သုတေသနပြုချက်များအရ အဆိုပါပဲပုပ်မျိုးများသည် မြန်မာနိုင်ငံအတွက် သုတေသနပြုထုတ်လုပ်ထားသည့် အထွက်တိုးမျိုးများဖြစ်ပြီး အထွက်နှုန်း တစ်ဧကလျှင် ၂၈ တင်းမှ တင်း ၃၀ အထိ ထွက်ရှိနိုင်သော မျိုးများဖြစ်သည့်အတွက် တောင်သူဦးကြီးများအနေဖြင့် **မျိုး၊ မြေ၊ ရေ၊ နည်း** မှန်ကန်မျှတအောင် ဆောင်ရွက်စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းကောင်းကာ ဝင်ငွေတိုးမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါသည်။

**“ပြည်တွင်းရှိ ဆီစက်လုပ်ငန်းများတွင် ဆီသန့်စင်စက်များပါ တပ်ဆင်ပြီး ထုတ်လုပ်လာကြပြီဖြစ်သဖြင့် အဆင့်အတန်းမီ ပဲပုပ်ဆီများကို ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း တွေ့ရှိရ၊ ပဲပုပ်ဆီကို တိုးတက်ထုတ်လုပ်လာနိုင်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံမှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကာ ပြည်ပမှ ပဲပုပ်ဆီတင်သွင်းမှုကို မလွဲမသွေ လျှော့ချနိုင်မည်ဖြစ်သဖြင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းတစ်ခု ဖွံ့ဖြိုးတိုးတက်လာနိုင်သော သီးနှံဖြစ်၊ တိရစ္ဆာန်အစာအဖြစ် အသုံးပြုရသည့် ပဲပုပ်ကြိတ်ဖတ်ကို ပြည်တွင်းရှိ တိရစ္ဆာန်မွေးမြူရေးဈေးကွက်တွင် ထိရောက်စွာ ပြန်လည်အသုံးချနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည့် သီးနှံလည်းဖြစ်”**

**နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို**

**များစွာအထောက်အကူပြုမည့် သီးနှံ**

ယခုအခါ ပြည်တွင်းရှိ ဆီစက်လုပ်ငန်းများတွင် ဆီသန့်စင်စက်များပါ တပ်ဆင်ပြီး ထုတ်လုပ်လာကြပြီဖြစ်သဖြင့် အဆင့်အတန်းမီ ပဲပုပ်ဆီများကို ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပဲပုပ်ဆီကို တိုးတက်ထုတ်လုပ်လာနိုင်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံမှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကာ ပြည်ပမှ ပဲပုပ်ဆီတင်သွင်းမှုကို မလွဲမသွေလျှော့ချနိုင်မည်ဖြစ်သဖြင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းတစ်ခု ဖွံ့ဖြိုးတိုးတက်လာနိုင်သော သီးနှံဖြစ်ပါသည်။ တိရစ္ဆာန်အစာအဖြစ် အသုံးပြုရသည့် ပဲပုပ်ကြိတ်ဖတ်ကို ပြည်တွင်းရှိ တိရစ္ဆာန်မွေးမြူရေးဈေးကွက်တွင် ထိရောက်စွာ ပြန်လည်အသုံးချနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုမည့် သီးနှံလည်း ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အတွက် ပြည်ပသွင်းကုန် အစားထိုးလျှော့ချနိုင်ခြင်း၊ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ တိရစ္ဆာန်မွေးမြူရေးကဏ္ဍကိုလည်း များစွာအထောက်အကူပြုခြင်းတို့ကြောင့် ဆီထွက်ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း **“ဆီဖူလုံကာ အသားတိုးထုတ်ဖို့ ပဲပုပ်စိုက်ပါစို့”** ဟု တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

# ဝန်ထမ်းများနေထိုင်မှု အဆင်ပြေစေရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာန၏ ခြောက်ခန်းတွဲသုံးထပ် ဝန်ထမ်းအိမ်ရာသစ်ဖွင့်



**ဘားအံ မေ ၁၂**

ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ နေထိုင်မှုအဆင်ပြေစေရေးအတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ်သန်း ၉၆၉ ဒသမ ၈၀၀ ဖြင့် အကုန်အကျခံတည်ဆောက်ခဲ့သော ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ခြောက်ခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ဘားအံမြို့ အမှတ် (၅) ရပ်ကွက် ငုဝါလမ်းရှိ အဆိုပါဝန်ထမ်းအိမ်ရာအဆောက်အအုံရှေ့၌ ကျင်းပသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာသစ်ကို ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ယူတည်ဆောက်ပေးသည့် မော်ဖမော်ကွန်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခြောက်ခန်းတွဲသုံးထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်ဆိုင်ရာ စာရွက်စာတမ်းများကို တာဝန်ယူတည်ဆောက်သည့် မော်ဖမော်ကွန်းကုမ္ပဏီက ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဘားအံမြို့လူငယ်စင်တာတွင် မေ ၅ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြား ပေးလျက်ရှိသော တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး သင်တန်းတွင် ကြီးကြပ်အုပ်ချုပ်၊ နည်းပြ ၁၁ ဦးနှင့် သင်တန်းသား သင်တန်းသူ ၆၅ ဦးတို့၏သင်ကြား၊သင်ယူနေမှုအခြေအနေများကိုလိုက်လံကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မော်လမြိုင်ခရိုင်ဘဏ်ခွဲက ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေး



**မော်လမြိုင် မေ ၁၂**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မော်လမြိုင်ခရိုင်ဘဏ်ခွဲက ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေ တိုးမြှင့်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ် စီမံကိန်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပြည်နယ်မန်နေဂျာက ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စိုက်ပျိုးစရိတ်ချေးငွေနှင့် စားသောက်ဖွယ်ရာများကို တောင်သူများထံ ပေးအပ်သည်။

ထို့နောက် သားဖွားသင်တန်းကျောင်း(မော်လမြိုင်)၌ အမှတ်စဉ် (၆) အမျိုးသား ကုတ်အင်္ကျီနှင့် သူနာပြုဦးဆောင်း အပ်နှင်းချီးမြှင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်း သင်တန်းသား သင်တန်းသူများအား အမျိုးသားကုတ်အင်္ကျီနှင့် ဦးဆောင်းချီးမြှင့်အပ်နှင်းပြီး ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဟားခါးမြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**ဟားခါး မေ ၁၂**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အခြေခံပညာကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများ၊ ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများရှိ ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပညာရေး၏ ရည်မှန်းချက်သည် အောင်ချက်မြင့်မားရေး တစ်ခုတည်းမဟုတ်ဘဲ ဗလငါးတန်နှင့်ပြည့်စုံသူများဖြစ်အောင်၊ တိုင်းသူပြည်သားများ အားကိုးအားထားပြုရသည့် လူငယ်လူရွယ်များဖြစ်အောင် ပြုစုပျိုးထောင်သွားရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများက အခြေခံပညာကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ယာဉ်စည်းကမ်း လမ်းစည်းကမ်း စာတွေ့ လက်တွေ့စစ်ဆေး

**ထားဝယ် မေ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၌ ယာဉ်မောင်းလိုင်စင်အသစ် လာရောက်လျှောက်ထားသူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်း စာတွေ့ လက်တွေ့ စစ်ဆေးခြင်းများ မဆောင်ရွက်မီ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးသင်တန်းများကို ဧပြီလအတွင်း ဆိုင်ကယ်မောင်းလိုင်စင် လေးကြိမ်၊ သုံးဘီးဆိုင်ကယ်လိုင်စင် နှစ်ကြိမ်နှင့် မော်တော်ယာဉ်မောင်း နှစ်ကြိမ် စုစုပေါင်းရှစ်ကြိမ် ဖွင့်လှစ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ဆင်သေဆည်ရေသောက်အတွင်းရှိ စိုက်ကေများ အောင်မြင်ဖြစ်ထွန်းရေး ဆည်ရေပေးဝေလျက်ရှိ

**နေပြည်တော် မေ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ဆင်သေရေလှောင်တမံမှ လက်ဝဲ၊ လက်ယာ တူးမြောင်းမကြီးဖြင့် တပ်ကုန်းမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ် စိစစ်ဧရိယာ ၁၁၆၅၉ ဧကကို မိုးစပါးနှင့်နွေစပါး၊ နွေသီးနှံများအတွက် နှစ်စဉ်ဆည်ရေပေးဝေလျက်ရှိသည်။



မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် လက်ဝဲ/ လက်ယာ ရေမြောင်းများ တူးဖော်၍ တူးမြောင်းမကြီးများနှင့် ချိတ်ဆက်ကာ ရေအလေအလွင့်နည်းပါးစွာဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် ဌာနမှတာဝန်ရှိသူများနှင့် တောင်သူများ ပူးပေါင်းပြီး စနစ်တကျစီမံဆောင်ရွက်၍ ရေပေးဝေခဲ့ရာ ယနေ့အထိ နွေစပါး ၈၄၈၈ ဧကနှင့် နွေသီးနှံ ၁၁၄၉ ဧက စုစုပေါင်း ၉၆၃၇ ဧကကို စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သိရသည်။ ဆင်သေရေလှောင်တမံ၏ မေလ ၁၀ ရက် သိုလှောင်ရေပမာဏမှာ ဧကပေ ၄၈၉၁၆ ဖြစ်သဖြင့် နွေစပါး၊ နွေသီးနှံစိုက်ကေများအတွက် ဆည်ရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဘုန်းမြတ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၆-၂၀၂၇ ခုနှစ် မိုးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစေ့များဖြန့်ဖြူးပေးအပ်



**မုံရွာ မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ၂၀၂၆ - ၂၀၂၇ ခုနှစ် မိုးသီးနှံ (ချည်မျှင်ရှည်ဝါ၊ မတ်ပဲ၊ နေကြာ) ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစေ့များဖြန့်ဖြူးပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ချည်မျှင်ရှည်ဝါစိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မုံရွာခရိုင်နှင့် ယင်းမာပင်ခရိုင်အတွင်းရှိကျေးရွာ ၄၇ ရွာမှ ဒေသခံ တောင်သူ ၃၂၀ အတွက် မိုးသီးနှံချည်မျှင်ရှည်ဝါ၊ မတ်ပဲ၊နေကြာမျိုးစေ့များ ပေးအပ်ပြီး စိုက်ပျိုးရေးဦးစီးဌာနရုံး ဝန်ထမ်းများ၏ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်း သရုပ်ပြမှု၊ ဇီဝမီးသွေးထုတ်လုပ်နည်း၊ စပါးခွံပေါင်းခံရည်ပြုလုပ်သုံးစွဲနည်းနှင့် ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၃)အဆန် | ရန်ကုန် | မန္တလေး | ၀၆:၀၀ | ၁၆:၀၀ | (၁၀)နာရီ |
| ၂ | အမှတ်(၄)အစုန် | မန္တလေး | ရန်ကုန် | ၀၆:၀၀ | ၁၆:၁၀ | (၁၀)နာရီ(၁၀)မိနစ် |

ထို့အတူ ရန်ကုန်နှင့် မန္တလေး ခရီးစဉ်ဘူတာတို့မှ နံနက် ၆ နာရီအချိန်ထွက်ခွာပြေးဆွဲနေသည့် အမှတ်(၅) အဆန်/အမှတ်(၆)အစုန် လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားအား ခရီးစ ဘူတာများမှ နံနက် ၇ နာရီတွင် အောက်ပါအချိန်ဇယားအတိုင်း ပြောင်းလဲပြေးဆွဲပေးသွားမည် ဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၅)အဆန် | ရန်ကုန် | မန္တလေး | ၀၇:၀၀ | ၁၇:၀၀ | (၁၀)နာရီ |
| ၂ | အမှတ်(၆)အစုန် | မန္တလေး | ရန်ကုန် | ၀၇:၀၀ | ၁၇:၁၀ | (၁၀)နာရီ(၁၀)မိနစ် |

ထို့အပြင် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း သာစည်-နေပြည်တော်-သာစည် ခရီးစဉ်အဖြစ် အမှတ်(သ-၄၀၁)အဆန်/(သ-၄၀၂)အစုန် RBE ခရီးတိုရထား၊ နေပြည်တော်-တောင်ငူ-နေပြည်တော် ခရီးစဉ်အဖြစ် အမှတ်(သ-၅၀၁)အဆန်/(သ-၅၀၂)အစုန် RBEခရီးတိုရထားနှင့် တောင်ငူ-ပဲခူး-တောင်ငူ ခရီးစဉ်အဖြစ် အမှတ်(သ-၆၀၁)အဆန်/(သ-၆၀၂)အစုန် RBE ခရီးတိုရထားများအား မေ ၁၅ ရက်မှ စတင်၍ အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | သ-၄၀၂ အစုန် | သာစည် | နေပြည်တော် | ၀၆:၀၀ | ၀၈:၅၀ | (၂)နာရီ(၅၀)မိနစ် |
| ၂ | သ-၄၀၁ အဆန် | နေပြည်တော် | သာစည် | ၁၄:၀၀ | ၁၆:၅၀ | ။ |
| ၃ | သ-၅၀၂ အစုန် | နေပြည်တော် | တောင်ငူ | ၀၆:၀၀ | ၀၈:၂၅ | (၂)နာရီ(၂၅)မိနစ် |
| ၄ | သ-၅၀၁ အဆန် | တောင်ငူ | နေပြည်တော် | ၁၄:၀၀ | ၁၆:၂၅ | ။ |
| ၅ | သ-၆၀၂ အစုန် | တောင်ငူ | ပဲခူး | ၀၆:၀၀ | ၁၀:၁၅ | (၄)နာရီ(၁၅)မိနစ် |
| ၆ | သ-၆၀၁ အဆန် | ပဲခူး | တောင်ငူ | ၁၄:၁၅ | ၁၈:၃၀ | ။ |

အထက်ပါ တိုးချဲ့ပြေးဆွဲမည့် RBE ခရီးတိုရထားများ၏ နေပြည်တော်-သာစည်၊ သာစည်-နေပြည်တော်နှင့် နေပြည်တော်-တောင်ငူ၊ တောင်ငူ-နေပြည်တော်တို့အတွက် လက်မှတ်ခနှုန်းထားများမှာ ခရီးစဉ်အစအဆုံးငွေကျပ် (၅၀၀၀)၊ ခရီးစဉ်တစ်ဝက်ငွေကျပ် (၂၅၀၀)ဖြစ်ကြောင်းနှင့် တောင်ငူ-ပဲခူး၊ ပဲခူး-တောင်ငူအတွက် လက်မှတ်ခနှုန်းထားမှာ ခရီးစဉ်အစအဆုံးငွေကျပ် (၈၀၀၀) ခရီးစဉ်တစ်ဝက် ငွေကျပ် (၄၀၀၀) ဖြစ်ပြီး လမ်းခရီး၌ ဘူတာစဉ်ရပ်တန့်ပေးမည်ဖြစ်သည်။

တိုးချဲ့ပြေးဆွဲမည့်ရထားများ၏အချိန်စာရင်းအရ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ အမှတ်(၁၁) အဆန်/အမှတ်(၁၂) အစုန်ရထား၊ အမှတ်(၁)အဆန်/အမှတ်(၂) အစုန်ရထားနှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်း အတွင်းရှိ အမှတ်(၈၁)အဆန်/(၈၂) အစုန်ရထားများ၏ အချိန်စာရင်းအား မေ ၁၅ ရက်မှစ၍ အောက်ပါ အချိန်ဇယားအတိုင်း ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်ပြီး လက်ရှိ AAR (ရိုးရိုး)တွဲဆိုင်းဖြင့်ပြေးဆွဲနေသော အမှတ်(၁၁)အဆန်/အမှတ်(၁၂)အစုန်ရထားအား လေအေးပေးစက်ပါ အထက်တန်းလူစီးတွဲ (၂)တွဲပါရှိသော လေအိတ်ရထားတွဲဆိုင်းဖြင့် မေ ၁၅ ရက်မှစတင်၍ ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်သည် ။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၁၁)အဆန် | ရန်ကုန် | မန္တလေး | ၀၅:၀၀ | ၁၈:၅၀ | (၁၃)နာရီ(၅၀)မိနစ် |
| ၂ | အမှတ်(၁၂)အစုန် | မန္တလေး | ရန်ကုန် | ၀၅:၀၀ | ၁၉:၃၅ | (၁၄)နာရီ(၃၅)မိနစ် |
| ၃ | အမှတ်(၁)အဆန် | ရန်ကုန် | မန္တလေး | ၀၈:၃၀ | ၀၆:၀၀ | (၂၁)နာရီ(၃၀)မိနစ် |
| ၄ | အမှတ်(၂)အစုန် | မန္တလေး | ရန်ကုန် | ၁၈:၀၀ | ၁၅:၂၀ | (၂၁)နာရီ(၂၀)မိနစ် |
| ၅ | အမှတ်(၈၁)အဆန် | ရန်ကုန် | မော်လမြိုင် | ၀၈:၀၀ | ၁၆:၃၅ | (၈)နာရီ(၃၅)မိနစ် |
| ၆ | အမှတ်(၈၂)အစုန် | မော်လမြိုင် | ရန်ကုန် | ၀၈:၃၀ | ၁၇:၀၀ | (၈)နာရီ(၃၀)မိနစ် |

ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင်ပြေးဆွဲမည့် လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများ ဖြစ်သော အမှတ်(၃)အဆန်/ အမှတ်(၄)အစုန် နှင့် အမှတ်(၅)အဆန်/အမှတ်(၆) အစုန်ရထားများ၏ ထိုင်ခုံ လက်မှတ်များအား Online Railways Ticketing and payment (ORTP) စနစ်ဖြင့် ခရီးစဉ်အစအဆုံးအတွက် (၇)ရက်နှင့် လမ်းဘူတာများအတွက် (၃)ရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘိုကလေးမြို့နယ်၌ ၂၀၂၆ ခုနှစ်မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

**ဘိုကလေး မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီးဘိုကလေး မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တွင် ယနေ့နံနက်က ၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ခြင်းအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်တို့က ချေးငွေများအား မိမိတို့၏ စိုက်ပျိုးရေးကဏ္ဍ၌ အကျိုးရှိစွာအသုံးပြုရန်နှင့် မှန်ကန်စွာပြန်လည်ပေးဆပ်ကြရန် အမှာစကားပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက မြို့နယ်တွင်းရှိ တောင်သူများအား ချေးငွေများ ထုတ်ပေးခဲ့ကြောင်း၊ ဘိုကလေးမြို့နယ်အတွင်း တောင်သူ ၄၅၃၇ ဦး၏ စိုက်ဧက ၃၈၆၇၈ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၁၆၀၃၄ သိန်းကို ထုတ်ချေးရန် လျာထားကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



# ရေတာရှည်မြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲကျင်းပ

**ရေတာရှည် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ရက်(၁၀၀)စီမံချက်ကာလအတွင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ယနေ့နံနက်က ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနား ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာတို့က အမှာစကားပြောကြားသည်။

ရေတာရှည်မြို့နယ်၌ မေ ၁၂ ရက်တွင် ကျေးရွာအုပ်စု သုံးအုပ်စုရှိ တောင်သူ ၆၆ ဦးအား တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ဧက ၄၂၁ ဧကအတွက် ချေးငွေစုစုပေါင်းငွေကျပ် ၁၂၆၃ သိန်းကို တောင်သူများထံသို့ ထုတ်ချေးပေးခဲ့ပြီး ကျန်ရှိသည့်ကျေးရွာများမှ တောင်သူများကိုလည်း ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

၆-၂၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာသူဖြစ်သည်။

ပဲဂူလာနှင့်အတူ အီတလီအိုးပင်း ကွာတားဖိုင်နယ်သို့ ဆာစတီယာ၊ အော့စတာပင်ကို၊ ကိုကိုဂေါ့ဖ်၊ အန်ဒရေဗာ၊ စဗစ်တိုလီနာ၊ ရှိုင်ဘာကီနာ စသည့် နာမည်ကြီးထိပ်တန်းတင်းနစ်မယ်များ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**



မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ တည်းခိုခန်းများတွင် မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ မေ ၁၁ ရက် ညနေပိုင်းက ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

**ဝါဝါမြင့်(မြစ်သား)**

**တောတောင်ပျက်ပြုန်း၊ မြေဆီသုဉ်း၏။**

# ရေရှည်အကျိုးကျေးဇူးများပြားလှသည့် သဘာဝမြေဩဇာ

မြင့်စိုး(နတလ) (လေးမျက်နှာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

မကြာသေးမီက ကျွန်တော်တတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးများ တက်ရောက်နေချိန်မှာပဲ အသိမိတ်ဆွေတစ်ယောက်က ဖုန်းဆက်လာသည်။ ကျွန်တော့်ဒေသကတော့မဟုတ်။ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် လက်ပံပင်ကျေးရွာမှ ညီတော်မောင် ကိုခင်ဇော်ထံမှ ဖြစ်၏။

"ဆရာရေ……. နေကောင်းရဲ့လား။ အခုလို ဆီကိစ္စတွေဖြစ်လာတော့ မေလထဲမှာ စပါးကြဲခင်းအတွက် စက်ဝင်ဖို့တောင် ခက်နေပြီ။ အခုမြေလှန်ထားတာကို မိုးလေးဖြိုက်လာတာနဲ့ ကြဲပြီး အနည်းဆုံး တစ်စပ်လောက်တော့ ပြန်ထွန်၊ ပြန်ဖုံးပေးရမှာ။ ဆရာတို့အနေနဲ့လည်း ဆီကိစ္စအဆင်ပြေအောင် ကူညီပေးကြပါဦး"

"အေးကွာ..ခင်ဇော်ရေ၊ ဆီကိစ္စကတော့ ငါတို့တစ်နိုင်ငံတည်း ဖြစ်နေတာ မဟုတ်ဘူးဟေ့။ တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း ၂၆ မြို့နယ်စလုံးအတွက် စီမံပေးမှာပါ။ ကြုံကြိုက်လို့ မှာချင်တာကတော့ ဓာတ်မြေဩဇာကိစ္စလည်း ကြိုပြီးစဉ်းစားထားဖို့ လိုလိမ့်မယ်။ ငါတို့ လေးမျက်နှာမြို့နယ်မှာတော့ သဘာဝမြေဩဇာ ထုတ်လုပ်သုံးစွဲနိုင်အောင် တာဝန်ရှိသူတွေရော၊ လုပ်ငန်းရှင်တွေ၊ ပါတီဝင် လယ်သမားတွေရောလက်တွဲပူးပေါင်းလုပ်ကြဖို့ ညှိနှိုင်းပေးထားတယ်။ အနည်းဆုံး EM ဘိုကာရှီလောက်တော့ ဒေသထွက်ပစ္စည်းတွေနဲ့ လုပ်နိုင်၊ သုံးနိုင်ရမယ်ကွာ"

ကျွန်တော့်ညီတော်မောင် ကိုခင်ဇော် ဖုန်းဆက်ပြောတဲ့အထဲမှာ စပါးကြဲခင်းဆိုတာ ပါလာကြောင်း သတိပြုမိကြပါလိမ့်မည်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ဒေသအလိုက် တောင်သူများနှင့် တွေ့ဆုံ၍ စပါးကြဲပက်စိုက်ပျိုးခြင်း မပြုကြရန်၊ အစေ့ချစိုက်ပျိုးခြင်းစနစ်၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း နည်းစနစ်များကို လိုက်နာအသုံးပြုကြရန် စည်းရုံးဟောပြောကာ တတ်နိုင်သမျှ ပံ့ပိုးကူညီလျက်ရှိကြသည်။ သို့သော်ငြားလည်း လယ်သမားအချို့ကတော့ လယ်ယာလုပ်သားရှားပါးမှု၊ ထွန်ယက်စရိတ်ကြီးမြင့်မှု၊ စိုက်ပျိုးရေနှင့် အောင်ရေအတွက် ရေအသုံးပြုရာတွင် ကန့်သတ်ချက်များရှိနေမှု စသည်တို့ကြောင့်ပဲ ကြဲခင်းစနစ်စိုက်ပျိုးခြင်းကို မစွန့်လွှတ်နိုင်သေးပေ။



အောင်ကောင်းမြတ် သမဝါယမအသင်း၏ နှမ်းရိုးအခြေခံသဘာဝမြေဩဇာထုတ်လုပ်နေမှုကို တွေ့ရစဉ်။

## ရက် ၁၆၀ သက်ကြီးစပါးမျိုး

ကြဲခင်းစိုက်နေတာ အဆင်ပြေမပြေ မေးကြည့်လိုက်တော့ ၁၄၅ ရက်သား ဗျော့ထွန်းစပါးမျိုး ကြဲခင်းက တစ်ဧကလျှင် တင်း ၈၀၊ ၉၀ မှ တင်း ၁၀၀ ခန့်အထိ ထွက်ကြောင်း၊ ရေနက်ကွင်းများတွင် စိုက်ပျိုးသည့် ရက် ၁၆၀ သက်ကြီးစပါးမျိုး ကရင်မကတော့ တစ်ဧက တင်း ၆၀၊ ၇၀ ခန့် ရကြောင်း၊ ကြဲခင်းစပါးတွေ ရိတ်သိမ်းပြီးတာနှင့် မတ်ပဲ၊ ပဲတီစိမ်းတို့ ဆက်ကြဲပြီး ရိုးပြတ်ကို မြက်ဖြတ်စက်နှင့်ဖြတ်၍ သိမ်းပေးလိုက်ကြောင်း ပြောလာသည်။

သူတို့တွက်ကိန်းနှင့်သူတို့ စပါးအထွက်၊ ပဲအထွက်နှုန်းများ ကိုက်ချင်ကိုက်နေကြပေလိမ့်မည်။ သို့သော်ငြားလည်း ပန်းတိုင်အထွက်နှုန်းရအောင် စနစ်တကျစိုက်ပျိုးအောင် ဆက်လက်စည်းရုံးဟောပြော ပညာပေးမှုများကိုတော့ ပြုလုပ်နေရဦးမည်သာ။ ထိုနည်းတူစွာ ဓာတ်မြေဩဇာများများသုံးမှ စပါးထွက်မည်ဆိုသော အသိတစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲ ယုံကြည်လက်ခံထားကြသော တောင်သူလယ်သမားများအဖို့ သဘာဝမြေဩဇာ တွဲဖက်အသုံးပြုရန်၊ ဝယ်ယူအသုံးပြုရန် လက်တွန့်နေကြဦးမည်မှာ မလွဲကေန်ဖြစ်သည်။

ကိုယ်တိုင်ထုတ်လုပ်သုံးစွဲဖို့ကိုလည်း စိတ်ပါကြမည် မဟုတ်ပေ။ ပြီးခဲ့သည့်နှစ်များတွင် လက်တွေ့ကျကျ ကျွန်တော်တို့ လုပ်ပြခဲ့ဖူးပေပြီ။

> ❖ ဓာတ်မြေဩဇာများကို စနစ်တကျနည်းစနစ်မှန်ကန်စွာ အသုံးပြုလျှင် သီးနှံများအထွက်တိုး၍ တောင်သူများ ဝင်ငွေတိုးကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်မှာ မလွဲကေန်ဖြစ်ပါသည်။ သို့သော် ဓာတ်မြေဩဇာသုံးစွဲခြင်း၏ ဆိုးကျိုးများကိုလည်း တောင်သူများ မှန်မှန်ကန်ကန်သိရန်၊ နားလည်လက်ခံရန်လို
>
> ❖ သဘာဝမြေဩဇာသုံး စိုက်ခင်းများသည် ဓာတ်မြေဩဇာသုံး စိုက်ခင်းများကဲ့သို့ ချက်ချင်းလက်ငင်း အခက်အရှက်များ စိမ်းညို့ဖားလျားပြီး သီးနှံများ ဖွံ့ထွားနေမည်မဟုတ်ပါ။ ရေရှည်တွင်မူ အကျိုးကျေးဇူးများပြားလွန်းလှသည်။ လက်တွေ့ဖြစ်ပေါ်နေသော၊ ရင်ဆိုင်နေရသော ကမ္ဘာ့ရေးရာအခြေအနေအရပ်ရပ်အပေါ် တည်မှီ၍ မိမိတို့နိုင်ငံ၏ စွမ်းအားနှင့်အရင်းအမြစ်များကို အသုံးချ၍ ကျော်လွှားနိုင်အောင် ဝိုင်းဝန်းလက်တွဲကြိုးပမ်းကြရမည်

မကွေးတိုင်းဒေသကြီးထဲက နှမ်းရိုးပုံကြီးများကို EM ပျော်ရည်နှင့်ရောစပ်၍ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲစေခြင်းဖြင့် နှမ်းအထွက်တိုးအောင် ကူညီခဲ့ကြဖူးပေပြီ။ အလားတူ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အင်းလေးကန်ကြီးထဲက ဗေဒါမြေဆွေးများအခြေခံ၍ သဘာဝမြေဩဇာ ထုတ်လုပ်ခဲ့ဖူးပြီ။ မွေးရပ်မြေလေးမျက်နှာမှာ ဦးကျော်ဝင်းနိုင် (ယခု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်) ဆောင်ရွက်နေသည့် သိန်းငှက် သဘာဝမြေဩဇာကလည်း ဒေသအခေါ် ထူးချေး (မြက်ချေး)နှင့် ဗေဒါဆွေး၊ ဒိုက်ဆွေးများကို အခြေခံထားခြင်းဖြစ်သည်။



ထူးချေး အခြေခံသဘာဝမြေဩဇာထုတ်လုပ်မှုကို ဦးကျော်ဝင်းနိုင် ရှင်းလင်းပြသစဉ်။

နှစ်ပေါင်းများစွာက တည်ရှိနေသော ထူးချေးများကိုလည်းကောင်း၊ မိမိတို့နွားခြံများထဲက နွားချေးနှင့် ပဲရိုး ပဲမှော်များ၊ သစ်ရွက်စို သစ်ရွက်ခြောက်များကို စုဆောင်း၍လည်းကောင်း၊ EM ပျော်ရည်အသုံးပြု၍ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနိုင်အောင်၊ သုံးစွဲတတ်အောင်၊ သုံးစွဲချင်လာအောင် မသုံး၍မလုပ်၍ မဖြစ်တော့သည်ကို နားလည်လက်ခံလာအောင် ကျွန်တော်တို့ ကြိုးစားအားထုတ်ကြရမည်ဟု ခံယူပါသည်။

## ကွန်ပေါင်းဓာတ်မြေဩဇာ

တောင်သူများကြား ခေတ်အစားဆုံး ဓာတ်မြေဩဇာနှစ်မျိုးမှာ ယူရီးယားနှင့် ကွန်ပေါင်းဓာတ်မြေဩဇာတို့ ဖြစ်ကြသည်။ နိုက်ထရိုဂျင် ၄၆ ရာခိုင်နှုန်းပါဝင်သော ယူရီးယားက အပင်ကြီးထွားရန်ကို အားပေးသည်။ အမြစ်နှင့် ပန်းပွင့်ချိန်အားပေးရန်အတွက်သုံးသည့် ဖော့စ်ဖိတ် ၄၆ ရာခိုင်နှုန်းပါဝင်သည့် တီဆူပါ၊ ရေနှင့် အာဟာရစုပ်ယူရန် အားပေးသည့် ၆၀ ရာခိုင်နှုန်း ပိုတက်စီယမ်နှင့် နိုက်ထရိုဂျင်တို့ အာဟာရသုံးမျိုးပေါင်းသည့်အခါ ကွန်ပေါင်းဓာတ်မြေဩဇာဖြစ်လာသည်။

နွားချေးမှာက နိုက်ထရိုဂျင် သုံးရာခိုင်နှုန်း၊ ဖော့စ်ဖရပ် နှစ်ရာခိုင်နှုန်း၊ ပိုတက်စီယမ် တစ်ရာခိုင်နှုန်း ပါဝင်နေသဖြင့် များများသုံးနိုင်လေ အကျိုးရှိလေဖြစ်ကြောင်း တွေ့ရပေမည်။ ဒေသထွက်ပစ္စည်းများကို လက်တွေ့ကျကျ အသုံးချ၍ သဘာဝမြေဆွေးသီးသန့်အဖြစ်လည်းကောင်း၊ EM ပျော်ရည်အသုံးပြုမြေဆွေးများကိုလည်းကောင်း ထုတ်လုပ်သုံးစွဲနိုင်ပေသည်။ နောက်ထပ် အသုံးပြုနိုင်သော နည်းလမ်းတစ်မျိုးမှာ EM အခြေခံဘိုကာရှီ ပြုလုပ်ခြင်းဖြစ်သည်။ EM ဘိုကာရှီဆိုသည့် ဝေါဟာရကို လွန်ခဲ့သည့် နှစ် ၂၀ လောက်ကတည်းက စတင်ကြားဖူးခဲ့သည်။

ဂျပန်နိုင်ငံ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် Terra People Association (TPA) သည် နတလနှင့် MoU ရေးထိုး၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းဒေသအတွင်း၌ လူမှုဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ယင်းလုပ်ငန်းစဉ်များထဲ၌ ပအိုဝ်းဒေသ သင်တန်းကျောင်းများ၊ ကျေးရွာများ၌ EM ဘိုကာရှီ ပြုလုပ်သုံးစွဲတတ်အောင် သင်ကြားပေးခဲ့ကြောင်း တွေ့ရသည်။ ဂျပန်ဘာသာစကား ဘိုကာရှီသည် EM ကို အခြေခံ၍ ဖွဲနု၊ စပါးခွံ စသည်တို့အပါအဝင် အော်ဂဲနစ်ပစ္စည်းများကို လေမဲ့အချဉ်ဖောက်ခြင်းဖြစ်ပြီး ၎င်းတို့ဖွင့်လှစ်ထားသည့် စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းများ (နောင်ကားနှင့်ပင်းတယ) ရှိ စိုက်ခင်းများ၌ လက်တွေ့အသုံးချပြခဲ့သည်။ ထိုစဉ်က TPA ၏ တာဝန်ခံအဖြစ် လာရောက်လုပ်ကိုင်နေသော မစ်ရှီဘာဒါသည် မြန်မာအမည်မစံပယ်ဟု မှည့်ခေါ်ခဲ့သည့်အပြင် TPA ဝန်ထမ်း ပအိုဝ်းတိုင်းရင်းသားလေးနှင့်ပင် အိမ်ထောင်ကျခဲ့သည်။

ဓာတ်မြေဩဇာများကို စနစ်တကျနည်းစနစ်မှန်ကန်စွာ အသုံးပြုလျှင် သီးနှံများအထွက်တိုး၍ တောင်သူများ ဝင်ငွေတိုးကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်မှာ မလွဲကေန်ဖြစ်ပါသည်။ သို့သော် ဓာတ်မြေဩဇာသုံးစွဲခြင်း၏ ဆိုးကျိုးများကိုလည်း တောင်သူများ မှန်မှန်ကန်ကန်သိရန်၊ နားလည်လက်ခံရန်လိုပါသည်။ ရေရှည်တွင် မြေဆီလွှာများပျက်စီးလာမည်၊ မြေဆီလွှာအတွင်းရှိ အကျိုးပြုအဏုဇီဝပိုးများကို သေကျေပျက်စီးစေမည်၊ မြေအောက်ရေကို ညစ်ညမ်းစေမည်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ သီးနှံအမျိုးမျိုးတို့အပေါ် ဓာတုဓာတ်ကြွင်းများ

*စာမျက်နှာ ၁၁ သို့*

# နေပြည်တော်ကောင်စီဧက္ကဌ္ဌ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ တက်ရောက်



**နေပြည်တော် မေ ၁၂**

၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲကို ယနေ့နံနက်က ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဌ္ဌ ဦးကံမြင့်သန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် တောင်သူများ တက်ရောက်ကြသည်။

**တိုးမြှင့်ထုတ်ချေးသွားမည်**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဌ္ဌက အစိုးရအဖွဲ့၏ ရက်ပေါင်း(၁၀၀)အတွင်း Quick Win ရရှိစေမည့် အစီအစဉ်များတွင် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးသည့် အစီအစဉ်အဖြစ် စပါးတစ်ဧကလျှင် ငွေကျပ် ၁ ဒသမ ၅ သိန်းနှုန်းမှ သုံးသိန်းနှုန်းသို့လည်းကောင်း၊ အခြားသီးနှံ ၁၈ မျိုးကို ငွေကျပ်တစ်သိန်းနှုန်းမှ ၂ ဒသမ ၅ သိန်းနှုန်းသို့လည်းကောင်း၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော် ငွေကျပ် ၁ ဒသမ ၅ သိန်းနှုန်းသို့လည်းကောင်း တိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

## ရွှေကျင်မြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး



**ရွှေကျင် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ညောင်ဝိုင်းရပ်ကွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့်နံရံကပ်စာစောင်ပြပွဲကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဲစုအောင်က လယ်ယာမြေချေးငွေများကို လာရောက်ထုတ်ယူကြသည့် တောင်သူဦးကြီးများအား ကလေးအလုပ်သမားပပျောက်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်များအကြောင်းတို့ကို ရှင်းလင်းပြောကြားပေးပြီး နံရံကပ်စာစောင်ပြသခြင်းနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**



## ကျောက်တံခါးမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

**ကျောက်တံခါး မေ ၁၂**

ကျောက်တံခါးမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဌ္ဌ ဦးညွန့်ဆွေနှင့် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာတို့က စိုက်ပျိုးစရိတ်ချေးငွေပေးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြို့နယ်အတွင်းရှိတောင်သူ များထံသို့ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**ကျိုက်ထို မေ ၁၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျိုက်ထိုဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်က ကျိုက်ထိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဌ္ဌ ဦးကံစောလှိုင်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာတို့က စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများထံပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**





မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ မေ ၁၂ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စွာမင်း၊ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ အောင်ပင်လယ်ရပ်ကွက် အကွက်အမှတ်(၁၂)တွင် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးစဉ်။

အလင်းသစ်(ပြန်/ဆက်)

## အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)(ပြည်စခန်း)မှ သင်တန်းသား သင်တန်းသူများ ပြည်မြို့နယ်အတွင်း ကွင်းဆင်းလေ့လာ



**ပြည် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့၌ ဒေသကွပ်ကဲရေးစစ်ဌာနချုပ်(ပြည်)နှင့် မော်ဘီလေတပ်စခန်းတို့ ပူးပေါင်း၍ အခြေခံလေကြောင်းလူငယ် သင်တန်းအမှတ်စဉ်(၁၀) (ပြည်စခန်း)ကို ဧပြီ ၂၇ ရက် မှ မေ ၂၉ ရက်အထိ ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါ သင်တန်းမှ သင်တန်းသား သင်တန်းသူ ၅၄ ဦးတို့သည် မေ ၁၀ ရက် နံနက်ပိုင်းက ဒေသကွပ်ကဲရေးစစ်ဌာနချုပ် (ပြည်) နှင့် ပြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်မြို့နယ်အတွင်း မုဋ္ဌောကျေးရွာရှိ သုံးပန်လှလက်သည်းရေကန် ဘုန်းကြီးကျောင်းသို့လည်းကောင်း၊ သရေခေတ္တရာပြတိုက်သို့လည်းကောင်း၊ သရေခေတ္တရာမြို့ရိုးအား လည်းကောင်း ကွင်းဆင်းလေ့လာရေးသွားရောက်ကြကြောင်း သိရသည်။

**အေးမိုး(ပြန်/ဆက်)**

## ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ

*စာမျက်နှာ ၁၀ မှ*

သက်ရောက်နေမှုက ကျန်းမာရေးကိုပါ ထိခိုက်စေသဖြင့် ကျန်းမာရေးအသိလည်း ရှိရန်လိုမည်။ နိုင်ငံတကာတွင် Organic Agriculture ကို တိုးမြှင့်အသုံးပြုနေကြပြီး Organic Farming များ ဒေသအလိုက်၊ ပြည်နယ်အလိုက်၊ ရွာလုံးကျွတ်၊ မြို့နယ်လုံးကျွတ် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း လေ့လာသိရှိရသည်။ မူဝါဒများ မှန်မှန်ကန်ကန်ချမှတ်၍ ပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သင့်ကြောင်း တွေ့ရသည်။

သဘာဝမြေဩဇာသုံး စိုက်ခင်းများသည် ဓာတ်မြေဩဇာသုံး စိုက်ခင်းများကဲ့သို့ ချက်ချင်းလက်ငင်း အခက်အရွက်များ စိမ်းညို့ဖားလျားပြီး သီးနှံများ ဖွံ့ထွားနေမည်မဟုတ်ပါ။ ရေရှည်တွင်မူ အကျိုးကျေးဇူး များပြားလွန်းလှသည်။ လက်တွေ့ဖြစ်ပေါ်နေသော၊ ရင်ဆိုင်နေရသော ကမ္ဘာ့ရေးရာအခြေအနေအရပ်ရပ်အပေါ် တည်မှီ၍ မိမိတို့နိုင်ငံ၏ စွမ်းအားနှင့်အရင်းအမြစ်များကို အသုံးချပြီး ကျော်လွှားနိုင်အောင် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းကြရမည်ဖြစ်သည်။

ကျွန်တော်ကတော့ မိုးဦးကျကာလလေးမှာ လယ်ကွက်တွေထဲ ဟိုတစ်ပုံ သည်တစ်ပုံ ပုံထားသည့် နွားချေးရနံ့လေးများကို ရှူရှိုက်ရင်း ကန့်ကလာပင်များ နုတ်ခဲ့တာ၊ ရိုးပြတ်ငုတ်များပေါ်က ကောက်ရိုးနွယ်လေးတွေ နုတ်ယူခဲ့တာ အားလုံးအမှတ်ရနေသလို အမေချက်ကျွေးသည့် ငါးငါးပိချက်နှင့်တို့ခဲ့သည့်အရသာကိုလည်း မမေ့ခဲ့။ ငယ်ဘဝကို လွမ်းမိပါသည်။ ။

# မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်)နှင့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(မန္တလေး) တို့တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ခြင်းမရှိသော အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် ကိုယ်အင်္ဂါနှင့် ဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
- (က) Down Syndrome
- (ခ) Autism
- (ဂ) Attention Deficit Hyper Activity Disorder (ADHD)
- (ဃ) Global Developmental Delay (GDD)
- (င) အခြားဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
- (စ) ခြေလက်မပြည့်စုံသူ (Amputee)
- (ဆ) သူငယ်နာအကြောတင်း (Cerebral Palsy)

၂။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။
၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင်ကျောင်းအပ်နှံပြီး ကျောင်းသား/သူများပါ တစ်ပါတည်း ခေါ်ဆောင်၍ အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ခတ်ပုံ (၄) ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ
၂။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၃။ သတ်မှတ်ထားသောရောဂါအမည် (Diagnosis) မိတ္တူ
၄။ ကျန်းမာရေးနှင့် ပတ်သက်သော ဆေးမှတ်တမ်းများ

ကျောင်းသား၊ ကျောင်းသူဟောင်းများအား မေလဆန်း၊ တတိယပတ်တွင် ကျောင်းအပ်လက်ခံမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူသစ်များအား မေလ၊ စတုတ္ထပတ်မှစ၍ ကျောင်းအပ်လက်ခံသွားမည် ဖြစ်ပါသည်။ ရွေးချယ်ခံရသူသည် ဖွံ့ဖြိုးမှုနယ်ပယ် (၅) ရပ်အပြင် မိမိတို့၏ တစ်နေ့တာလုပ်ဆောင်မှုများအား လေ့ကျင့်သင်ကြားရမည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အမှတ်-၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း အမှတ် (၂၆) ဘီလမ်း၊ ၅၈ x ၅၉ လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၄၀၄၂၅၂၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်) ဖုန်း ၀၉-၄၄၈၀၁၉၀၅၀၊ ၀၉-၂၅၀၀၈၇၂၂၉၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး) ဖုန်း ၀၉-၄၀၀၄၀၇၅၄၂၊ ၀၉-၄၀၂၅၈၃၂၁၆ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# မျက်မမြင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် စစ်ကိုင်းမျက်မမြင်ကျောင်းတို့တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် မျက်မမြင်အမျိုးအစား
- (က) လုံးဝမမြင်သူများ
- (ခ) အနည်းငယ်မြင်သူများ (အမြင်အားဖြင့် ၁/၁၀ ထက်မပိုရ)
- (ဂ) ကုသ၍ မရနိုင်သည့် မျက်မမြင်များ

၂။ စာပေနှင့်အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။
၃။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။
၄။ အမြင်အာရုံမသန်စွမ်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူရှိရမည်။
၆။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၇။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

**ကျောင်းအပ်နှံရာတွင်လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စပို့ခတ်ပုံ (၄) ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ
၂။ မိဘ(၂)ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ
၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင်နေထိုင်ကြောင်း ထောက်ခံချက်
၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း (အမှတ်-၁၃၂၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့)သို့လည်းကောင်း၊ စစ်ကိုင်းမျက်မမြင်ကျောင်း (အမှတ် ၆/၂၈ မြို့သစ်ရပ်ကွက်၊ မရှိခဏဘုရားအနီး၊ စစ်ကိုင်းမြို့) သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှ တစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာရပ်၊ အသက်မွေးဝမ်းကျောင်းပညာရပ် တက်ရောက်ခွင့်ရရှိပါက ကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးသွင်းရန် မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း- ၀၆၇-၄၀၄၂၅၂၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ဖုန်း- ၀၉-၂၅၇၃၃၈၄၇၉၊ ၀၉-၄၂၀၁၃၈၆၆၁ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း-၀၉-၄၀၂၆၄၅၁၇၃၊ ၀၉-၂၅၉၂၀၉၄၂၈ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# နားမကြားသောကလေးများကျောင်းမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း(ရန်ကုန်)နှင့် နားမကြားသောကလေးများကျောင်း (မန္တလေး) တို့တွင်၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ အကြားအာရုံ ချို့ယွင်းအားနည်းသူ ဖြစ်ရမည်။
၂။ အသက်(၆)နှစ်မှ (၁၈)နှစ်အတွင်း ရှိသူဖြစ်ရမည်။
၃။ အကြားအာရုံ ချို့ယွင်းအားနည်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
၄။ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူ ဖြစ်ရမည်။
၅။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၆။ ကျား/မ ၊ လူမျိုးနှင့် ကိုးကွယ်ရာ ဘာသာမရွေး လျှောက်ထားနိုင်သည်။
၇။ ကျောင်းအပ်နှံပါက မိဘ(သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် လာရောက်အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ခတ်ပုံ (၄)ပုံ ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ
၂။ မိဘ (၂) ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ
၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင်နေထိုင်ကြောင်းထောက်ခံချက်
၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်
၆။ အကြားအာရုံချို့ယွင်းမှုတိုင်းတာစစ်ဆေးပြီးသည့် နားကြားနှုန်း( Audiograph dB) စာရွက်စာတမ်း

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း ၊ အမှတ်-၃၄ ၊ F, G၊ အိုးစု(၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ နားမကြားသော ကလေးများကျောင်း၊ အကွက်-၈၅၈၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်တက်ရောက်ခွင့်ရရှိပါက သွားလာရေးခက်ခဲသောဒေသများမှ နားမကြားကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန်မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်းနံပါတ် ၀၆၇- ၄၀၄၂၅၂၊ နားမကြားသောကလေးများကျောင်း (ရန်ကုန်) ဖုန်းနံပါတ် ၀၁- ၉၅၄၈၈၇၂ ၊ ၀၉ - ၂၅၀၀၇၇၂၆၈ နှင့် နားမကြားသောကလေးများကျောင်း(မန္တလေး) ဖုန်းနံပါတ် ၀၉ - ၄၀၂၆၆၂၆၈၉၊ ၀၉-၄၅၉၇၆၀၅၁၆ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။


**လူမှုဝန်ထမ်းဦးစီးဌာန**

# ၂၀၂၆ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

**နေပြည်တော် မေ ၁၂**

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

**ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ**





၂၀၂၆ ခုနှစ် ဧပြီလအတွင်း စခန်း ၂၄ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၄ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ် ဧပြီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၄ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေ မရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ပုံ (၂)၊ ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ**




**၂၀၂၆ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၅ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၉ |
| ၃ | ခန္တီး | ၆.၅ |
| ၄ | လားရှိုး | ၆.၉ |
| ၅ | တောင်ကြီး | ၇.၁ |
| ၆ | မိုင်းဆတ် | ၆.၈ |
| ၇ | ကျိုင်းတုံ | ၆.၅ |
| ၈ | စစ်ကိုင်း | ၇.၂ |
| ၉ | ဟုမ္မလင်း | ၆.၇ |
| ၁၀ | ညောင်ဦး | ၆.၈ |
| ၁၁ | မုံရွာ | ၆.၆ |
| ၁၂ | ပျဉ်းမနား | ၇.၀ |
| ၁၃ | ပြင်ဦးလွင် | ၆.၉ |
| ၁၄ | ကလေးဝ | ၆.၆ |
| ၁၅ | မကွေး | ၆.၉ |
| ၁၆ | အောင်လံ | ၇.၁ |
| ၁၇ | လှိုင်ကော် | ၆.၈ |
| ၁၈ | စစ်တွေ | ၆.၈ |
| ၁၉ | ပြည် | ၇.၂ |
| ၂၀ | တောင်ငူ | ၆.၈ |
| ၂၁ | ပုသိမ် | ၆.၈ |
| ၂၂ | မော်လမြိုင် | ၆.၅ |
| ၂၃ | ဘားအံ | ၆.၈ |
| ၂၄ | ထားဝယ် | ၆.၅ |

# ၂၀၂၆ ခုနှစ် ဧပြီလအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ

**နေပြည်တော် မေ ၁၂**

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေး စောင့်ကြည့်တိုင်းတာသည့် ကိရိယာ (FPM–377C) ဖြင့် လေထုအတွင်း 2.5 မိုက်ခရွန်မီတာ (μm) နှင့်အောက် သေးငယ်သော အမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း ($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ ဧပြီလအတွင်းတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဧပြီလအတွင်းတွင် အသင့်အတင့်အဆင့်၌ ၂၄ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၆ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$)မှာ အသင့်အတင့်အဆင့်၌ ၅ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၆ ရက်နှင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၁၉ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။ **မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**


**ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ**





**ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ**




**ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ**




**ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း (O3) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း**




**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေးအညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာ ကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေး ထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေး ထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကို အလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# နိုင်ငံသားများကို လောင်စာဆီချွေတာသုံးစွဲရန် အိန္ဒိယဝန်ကြီးချုပ် တိုက်တွန်း

**နယူးဒေလီ မေ ၁၂**

ကမ္ဘာ့စွမ်းအင်ဈေးနှုန်းများ မြင့်တက်နေချိန်တွင် နိုင်ငံသားများကို လောင်စာဆီ လျှော့ချအသုံးပြုရေးအပါအဝင် ခြိုးခြံချွေတာရေးအစီအစဉ်များအား လိုက်နာကျင့်သုံးကြရန် အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒရာမိုဒီက တိုက်တွန်းလိုက်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားသည့် ကာလအတွင်း ကျင့်သုံးခဲ့သည့် နေအိမ်မှအလုပ်လုပ်သည့် အစီအစဉ်အား လိုအပ်၍ နိုင်ငံအကျိုးရှိမည်ဆိုပါက ပြန်လည်စတင်သင့်ပြီး နည်းလမ်းပေါင်းစုံဖြင့် ဓာတ်ဆီနှင့် ဒီဇယ်စသည့် စက်သုံးဆီအသုံးပြုမှုများကို လျှော့ချသွားရမည်ဖြစ်ကြောင်း ယမန်နေ့ လူထုအစည်းအဝေးပွဲတစ်ခုတွင် ၎င်းက ပြောကြားခဲ့သည်။

ပြည်သူများအား အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်များကို ပိုမိုအသုံးပြုရန်နှင့် ပြည်ပသို့မလိုအပ်ဘဲ ခရီးမသွားရန်တို့အပြင် နိုင်ငံခြားမှတင်သွင်းသည့် စားရေရိက္ခာများကိုလည်း ဝယ်ယူမှုလျှော့ချရန် တိုက်တွန်းခဲ့သည်။

နယူးဒေလီရှိ မြို့ခံများမှာ စက်သုံးဆီနှင့်ပတ်သက်၍ စိုးရိမ်မကင်းရှိနေကြပြီး အမျိုးသားတစ်ဦးက ယခုအစီအစဉ်မှာ ထင်သလောက် မလွယ်ကူဟုပြောကြားခဲ့သော်လည်း အများစုမှာ ဝန်ကြီးချုပ်၏ အစီအမံများကို သဘောကျလျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် အဓိကအားဖြင့် အရှေ့အလယ်ပိုင်းကို မှီခိုနေရသည်။ အစိုးရက ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်းများကို ထိန်းချုပ်ထားသော်လည်း အရှေ့အလယ်ပိုင်းဒေသ မတည်ငြိမ်မှုများ



ရှည်ကြာလာပါက အိန္ဒိယ၏ စီးပွားရေး အပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်လာမည်ကို စိုးရိမ်မှုများ တိုးလာနေသည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**



# အမေရိကန်၌ လျှပ်စစ်ကားထုတ်လုပ်ခြင်းထက် အိန္ဒိယတွင် ရင်းနှီးမြှုပ်နှံရန် ဂျပန်ကားကုမ္ပဏီများ ပိုမိုစိတ်ဝင်စားလာ

**တိုကျို မေ ၁၂**

ဂျပန်ကားထုတ်လုပ်သော ကုမ္ပဏီများသည် ဝယ်လိုအားမြင့်တက်နေသော အိန္ဒိယနိုင်ငံ၌ မော်တော်ကား ထုတ်လုပ်မှုနှင့် အရောင်းမြှင့်တင်ရေး ကြိုးပမ်းအားထုတ်မှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

တိုယိုတာ မော်တော်ကားကုမ္ပဏီက အိန္ဒိယနိုင်ငံ အနောက်ပိုင်းတွင် တပ်ဆင်ရေးစက်ရုံအသစ်ကို တည်ဆောက်သွားရန် စီစဉ်နေပြီး ၂၀၂၉ ခုနှစ် ပထမနှစ်ဝက်အတွင်း မဟာရပ်ရှ်ထရာပြည်နယ်၌ SUVs ကားများ စတင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း မေ ၁၁ ရက်က ကြေညာခဲ့သည်။ အဆိုပါစက်ရုံအသစ်မှာ အိန္ဒိယနိုင်ငံရှိ တိုယိုတာကုမ္ပဏီ၏ လေးခုမြောက် စက်ရုံဖြစ်လာမည်ဖြစ်ပြီး နိုင်ငံအတွင်း ကားထုတ်လုပ်နိုင်စွမ်းကိုလည်း တစ်နှစ်လျှင် အစီးရေ ငါးသိန်းခန့်အထိ တိုးမြှင့်ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

အိန္ဒိယ ကားဈေးကွက်ကို ဦးဆောင်လျက်ရှိသော ဆူဇူကီး ကားကုမ္ပဏီက ၂၀၃၀ ဘဏ္ဍာနှစ် နောက်ဆုံးထား၍ နှစ်စဉ်ကား ထုတ်လုပ်နိုင်စွမ်းကို အစီးရေ လေးသန်းအထိ တိုးမြှင့်ထုတ်လုပ်ရန် ရည်ရွယ်ထားပြီး ဟွန်ဒါကားကုမ္ပဏီကလည်း အိန္ဒိယနိုင်ငံကို အဓိက ဈေးကွက်တစ်ခုအဖြစ် အလေးထားရှုမြင်ကာ မော်ဒယ်လ်အသစ်များကို ရောင်းချသွားရန် စီစဉ်နေသည်။

ဂျပန်မော်တော်ကား ထုတ်လုပ်သည့် ကုမ္ပဏီအများစုသည် အမေရိကန် ပြည်ထောင်စုရှိ ၎င်းတို့၏ လျှပ်စစ်ကားဆိုင်ရာ မဟာဗျူဟာများကို ပြန်လည်သုံးသပ်နေချိန်တွင် ဝယ်လိုအားမြင့်တက်နေသော အိန္ဒိယ မော်တော်ကား ဈေးကွက်ဆီသို့ အာရုံကျလာခြင်းဖြစ်သည်။

နစ်ဆန်း ကုမ္ပဏီကလည်း ၂၀၂၈ ခုနှစ်မှစတင်ကာ မစ္စစ္စပီပြည်နယ်ရှိ ၎င်းတို့၏စက်ရုံတွင် လျှပ်စစ်ကား SUVs အမျိုးအစားနှစ်မျိုးထုတ်လုပ်မည့် အစီအစဉ်ကို ဖျက်သိမ်းလိုက်ပြီး စက်ရုံတွင် ဟိုက်ဘရစ်နှင့် အခြားမော်ဒယ်လ်များ ထုတ်လုပ်မှုမြှင့်တင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ပင်လယ်ရေနက်စူးစမ်းလေ့လာရေးခရီး၌ အဏ္ဏဝါမျိုးစိတ်သစ် ၃၈ မျိုး တွေ့ရှိ

**တိုကျို မေ ၁၂**

ဂျပန်နိုင်ငံမှ သုတေသနပညာရှင်များသည် ရှင်ကိုင်း ၆၅၀၀ လူစီးရေအောက်သုတေသနယာဉ်ဖြင့် ရှာဖွေဖော်ထုတ်မှုအရ ဂျပန်နိုင်ငံအနီး ပင်လယ်ရေအောက်နက်ရှိုင်းသော နေရာနှစ်ခုတွင် အဏ္ဏဝါမျိုးစိတ်သစ် ၃၈ မျိုးကို ရှာဖွေတွေ့ရှိခဲ့သည်။

ဂျပန်ရေကြောင်း၊ ကမ္ဘာမြေသိပ္ပံနှင့် နည်းပညာအေဂျင်စီ (ဂျမ်စတက်) မှ သုတေသနပညာရှင်များပါဝင်သည့် သုတေသနပညာရှင်အဖွဲ့တစ်ဖွဲ့သည် ၂၀၂၅ ခုနှစ် ဇွန်လတွင် ရေငုပ်ယာဉ်ကို အသုံးပြု၍ ပြုလုပ်ခဲ့သော ပင်လယ်ရေနက်စူးစမ်းလေ့လာရေးခရီးစဉ်အတွင်း သုတေသနနမူနာများကို ရယူစုဆောင်းခဲ့သည်။

၎င်းတို့သည် ဂျပန်နိုင်ငံအနောက်ပိုင်း ကိုချီစီရင်စုရှိ မူရိုတိုအငူ ကမ်းလွန် ရေအောက် ၄၆၀၀ မီတာအနက်ရှိ ပင်လယ်ကြမ်းပြင်အပါအဝင် နန်ကိုင်းရေအောက်ချိုင့်ဝှမ်းအနီးရှိ နေရာငါးနေရာကို စူးစမ်းလေ့လာခဲ့ကြသည်။ စူးစမ်းလေ့လာမှုများတွင် တိုကျိုတောင်ပိုင်း အီဇူကျွန်းနှင့် အိုဂါဆာဝါရာကျွန်းများအနီးရှိ ပင်လယ်ရေအောက် မီးတောင်လေးလုံးလည်း ပါဝင်သည်။

သုတေသနပညာရှင်များက ၎င်းတို့သည် ကဏန်းမျိုးစိတ်သစ်များ၊ ကြယ်ငါးမျိုးစိတ်သစ်များ၊ ပေါလီချိတ်ပိုးများနှင့် အခွံမာရေနေသတ္တဝါများအပါအဝင် မျိုးစိတ်သစ် ၃၈ မျိုးကို အတည်ပြုနိုင်ခဲ့ပြီး နောက်ထပ်မျိုးစိတ်သစ်ဖြစ်နိုင်သည့် ၂၈ မျိုးကိုလည်း ဆက်လက်လေ့လာလျက်ရှိသည်ဟု သတင်းထုတ်ပြန်သည်။

အဆိုပါရှာဖွေတွေ့ရှိမှုများကြောင့် ပင်လယ်ထဲတွင် နောက်ထပ်မရှာဖွေမတွေ့ရှိနိုင်သေးသော သက်ရှိအမျိုးအစားများ အမြောက်အမြား ကျန်ရှိနေသေးသည်ဟု သုတေသနပညာရှင်များက ပြောသည်။ လူသားတို့၏ လှုပ်ရှားဆောင်ရွက်မှုများသည် အဏ္ဏဝါအထိ ကျယ်ပြန့်လာပြီဖြစ်သည်ဟု ဂျမ်စတက်မှ အကြီးတန်းသုတေသနပညာရှင် ဝမ်တာနာဘေ ဟီရိုမီက ပြောသည်။

**အင်န်အိတ်ချ်ကေ**



# ၁၂ နှစ်ကြာ ပိတ်ထားသော တူကီယဲ-ဆီးရီးယားနယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ်

**အင်ကာရာ မေ ၁၂**

၁၂ နှစ်ကြာ ပိတ်ထားခဲ့သည့် တူကီယဲနိုင်ငံ အရှေ့တောင်ပိုင်း ရှန်လူးအာဖာပြည်နယ်ရှိ အက်ရှာကာလေးနယ်စပ် ဂိတ်ကို မေ ၁၂ ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း A Haber သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

ယင်းနေ့ နံနက်အစောပိုင်းမှစတင်ကာ သွားလာလှုပ်ရှားမှုများ အလွန်များပြားကြောင်း၊ စစ်ဆေးရေးကောင်တာများတွင် နိုင်ငံကူးလက်မှတ် စစ်ဆေးမှုများ ပြုလုပ်ပေးလျက်ရှိပြီး လုံခြုံရေးအစီအမံများကိုလည်း အမြင့်ဆုံးအဆင့်အထိ ဆောင်ရွက်ထားကြောင်း A Haber တွင် ဆက်လက်ဖော်ပြထားသည်။

ရှန်လူးအာဖာပြည်နယ်သည် နိုင်ငံကူးလက်မှတ် အခြေပြု အဝင်/အထွက် စစ်ဆေးမှုလုပ်ငန်းစဉ်များကို နယ်စပ်ဂိတ်၌ မေ ၁၂ ရက်တွင် စတင်မည်ဖြစ်ကြောင်း မေ ၁၁ ရက်က ထုတ်ပြန်ကြေညာထားသည်။

အဆိုပါနယ်စပ်ဂိတ်ကို ဆီးရီးယားနိုင်ငံတွင် ပြည်တွင်းပဋိပက္ခဖြစ်ပွားမှုများကြောင့် ၂၀၁၄ ခုနှစ်မှစတင်ကာ ကုန်သွယ်ရေးနှင့် အရပ်ဘက်သွားလာလှုပ်ရှားမှုများအတွက် ပိတ်ပင်ထားခဲ့သည်။

၂၀၁၉ ခုနှစ်တွင် ကုန်သွယ်ရေး၊ နာရေးနှင့် အစိုးရအရာရှိများ ဖြတ်သန်းသွားလာနိုင်ရေးအတွက် အဆိုပါ နယ်စပ်ဂိတ်ကို တစ်စိတ်တစ်ပိုင်း ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ အရပ်သားများအတွက် နယ်စပ်ဂိတ်ကို အပြည့်အဝပြန်လည်ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်သည်။ ယင်းမှာ တူကီယဲနှင့် ဆီးရီးယားတို့အကြား ၉၀၀ ကီလိုမီတာ ရှည်လျားသောနယ်စပ်တစ်လျှောက်ရှိ လုပ်ငန်းလည်ပတ်သော ခြောက်ခုမြောက် နယ်စပ်ဂိတ်ဖြစ်သည်။

**ဆင်ဟွာ**

# ဆူမားတြားကျွန်းတွင် ရေနံသိုလှောင်ရုံအသစ်တည်ဆောက်ရန် အင်ဒိုနီးရှား စီစဉ်

**ဂျကာတာ မေ ၁၂**

အင်ဒိုနီးရှားနိုင်ငံသည် စွမ်းအင်အရန်သိုလှောင်မှုကို မြှင့်တင်ရန်အတွက် ဆူမားတြားကျွန်းရှိ အထူးစီးပွားရေးဇုန်တစ်ခုအတွင်း ရေနံသိုလှောင်ရုံအသစ်တစ်ခုကို ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း စွမ်းအင်နှင့် သယံဇာတဝန်ကြီး ဘာလီလ် လာဟာဒါလီယာက ပြောသည်။

ယခုအခါ ယင်းစီမံကိန်းအတွက် ဖြစ်နိုင်ခြေရှိသော လေ့လာဆန်းစစ်မှုများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း မေ ၁၁ ရက်တွင် ၎င်းက သတင်းထောက်များအား ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ပြည်တွင်းလိုအပ်ချက်သာမက အာဆီယံရေနံလုံခြုံရေးဆိုင်ရာ သဘောတူညီချက်နှင့်အညီ ဒေသတွင်း အာဆီယံရေနံသိုလှောင်မှုကွန်ရက်၏ ဗဟိုအချက်အချာဖြစ်လာစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

ဗဟိုရေနံသိုလှောင်ရုံ တည်ဆောက်မည့် သတ်မှတ်နေရာကို အတည်မပြုရသေးကြောင်း သိရပြီး ဒေသတွင်းစီမံကိန်း အကောင်အထည်ပေါ်လာသည်ဖြစ်စေ၊ မပေါ်လာသည်ဖြစ်စေ ဆူမားတြားရေနံသိုလှောင်ရုံ စီမံကိန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လာဟာဒါလီယာက ပြောသည်။

**ဆင်ဟွာ**

## ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများတိုးမြှင့်ထုတ်ချေးပေး

**ကျိုက်မရော မေ ၁၂**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရွှေဟသ်ာ) ခန်းမ၌ပြုလုပ်ရာ ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်ကျော်သိန်းက အမှာစကားပြောကြားပြီး ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးချစ်သိန်းက ချေးငွေများတိုးမြှင့် ထုတ်ချေးခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာက ချေးငွေများ တိုးမြှင့်ထုတ်ချေးပေးသည့် ရည်ရွယ်ချက်ကို လည်းကောင်း ပြောကြားသည်။

ယနေ့တွင် ပထမဆုံး ထုတ်ချေးသည့် ကျုံဝမ်းကျေးရွာနှင့် ဦးလေးကျေးရွာတို့မှ တောင်သူ ၈၅ ဦးအတွက် ချေးငွေကျပ် ၁၆၂၃ သိန်းကို တောင်သူများလက်ဝယ်အရောက် ထုတ်ပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## မြောင်းမြမြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေး

**မြောင်းမြ မေ ၁၂**

မြောင်းမြမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း ကျေးရွာများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် မြို့နယ်အဆင့် သက်ဆိုင်သူ အားလုံးပါဝင်သော သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို မေ ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ မြောင်းမြမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းများ လည်ပတ်ဆောင်ရွက်နေမှု အခြေအနေများ၊ ကဏ္ဍအလိုက် ဆွေးနွေးရမည့် ခေါင်းစဉ်များအား ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ မြောင်းမြမြို့နယ်အတွင်းရှိစီမံကိန်းကျေးရွာ ၁၁၈ ရွာမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးသုံးသပ်မှုများ ဆောင်ရွက်၍ လာမည့်ဘဏ္ဍာနှစ်များတွင် စီမံကိန်းပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ရမည့် အချက်များ ဖော်ထုတ်အတည်ပြုခဲ့ကြသည်။

အောင်ဖြိုး(ပြန်/ဆက်)

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှု မီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel) မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၁၅-၅-၂၀၂၆)ရက်(သောကြာနေ့)ညတွင် မိုးရာသီနှင့် သက်ဆိုင်သည့် ခေတ်ပေါ်စတီရီယိုတေးသီချင်းများကို မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **"မိုးတွေရွာနေပြီ"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါ တေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

**(၁၅-၅-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "မိုးတွေရွာနေပြီ" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မိုးညများ | ဌာနအဆိုရှင် |
| ၂။ | မပြိုပါနဲ့မိုး | ပြင်ပအဆိုရှင် |
| ၃။ | ချစ်သူမရှိတဲ့အချိန် | ပြင်ပအဆိုရှင် |
| ၄။ | မိုးတွေရွာတိုင်းမျက်ရည်ဝိုင်း | ပြင်ပအဆိုရှင် |
| ၅။ | သံယောဇဉ်လွှန်းတင်သည့်ကြိုး | ပြင်ပအဆိုရှင် |
| ၆။ | နွေမိုးဆောင်းချစ်သူ | ဌာနအဆိုရှင် |
| ၇။ | ရွာမယ်ဆိုရင်လေ | ပြင်ပအဆိုရှင် |
| ၈။ | လယ်တောသူ | ပြင်ပအဆိုရှင် |
| ၉။ | မိုးသီချင်း | ပြင်ပအဆိုရှင် |
| ၁၀။ | ရွာရန်ရာနှုန်းပြည့် | ပြင်ပအဆိုရှင် |
| ၁၁။ | မိုးတွေရွာနေပြီ | ပြင်ပအဆိုရှင် |

## ပြင်စလူမြို့၌ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ခြင်းနှင့် စုပေါင်းကြဲပက်ခြင်းများဆောင်ရွက်

**ပြင်စလူ မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြင်စလူမြို့၌ မိုးစပါးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက နံ့သာကုန်းကျေးရွာ တောင်သူဦးစိုးထိုက်၏ လယ်မြေ၌ ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်မြတ်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက စိုက်ပျိုးခြင်းဆိုင်ရာ အသိပညာများ ပြောကြားသည်။

ထို့နောက် မြို့အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့အဆင့်ဌာနဆိုင်ရာများက ပိုက်ဆံလျှော်မျိုးစေ့များကို တောင်သူများထံပေးအပ်ပြီး မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့များ စုပေါင်းကြဲပက်ခဲ့ကြကြောင်း သိရသည်။



ပြင်စလူ(ပြန်/ဆက်)

## ဘီးလင်းမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**ဘီးလင်း မေ ၁၂**

မွန်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဘီးလင်းမြို့နယ်ဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့က ကျေးရွာနှစ်ရွာမှ တောင်သူ ၄၅ ဦးတို့အား တစ်ဧကလျှင် သုံးသိန်းနှုန်းဖြင့် ဧက ၄၀၀ အတွက် ငွေကျပ်သိန်း ၁၂၀ ကို တောင်သူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ဘီးလင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ရပ်ကွက်၊ ကျေးရွာအုပ်စု (၂၄) အုပ်စု၊ တောင်သူ ၉၀၀၊ မိုးစပါးစိုက်ဧက ၆၁၅၀ အတွက် ငွေကျပ်သိန်းပေါင်း ၁၈၄၅၀ ကို ထုတ်ချေးပေးရန် လျာထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## မအူပင်မြို့၌ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ထုတ်ပေး

**မအူပင် မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ထုတ်ပေးခြင်းအခမ်းအနားကို ယနေ့နံနက်က စည်ပင်သာယာရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက အာမခံအလုပ်သမားများအား အကျိုးခံစားခွင့်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အာမခံအလုပ်သမား ဦးသန်းကျော်လင်း လုပ်သား(၃)၏ အလုပ်တွင် ထိခိုက်သေဆုံးမှုနှင့်ပတ်သက်သည့် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၈၆၄၀၀၀၀ နှင့် နာရေးစရိတ်အကျိုးခံစားခွင့်ငွေကျပ် ၇၂၀၀၀၀ စုစုပေါင်းအကျိုးခံစားခွင့် ငွေကျပ် ၉၃၆၀၀၀၀ ကို ၎င်း၏ဇနီးဖြစ်သူအား တိုင်းဒေသကြီးတာဝန်ခံအရာရှိက ထုတ်ပေးခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

## သနပ်ပင်မြို့နယ်၌ စိုက်ပျိုးစရိတ်တိုးမြှင့်ထုတ်ချေး

**သနပ်ပင် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ် အစည်းအဝေးခန်းမ၌ ယနေ့နံနက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ စိုက်ပျိုးစရိတ်တိုးမြှင့်ထုတ်ချေးခြင်းနှင့် ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းက အမှာစကားပြောကြားသည်။

ထို့နောက် ဥက္ကဋ္ဌက ဒေသခံတောင်သူများသို့ ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## ပန်းတောင်းမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**ပန်းတောင်း မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ယနေ့နံနက်က မိုးရာသီစိုက်ပျိုးစရိတ်တိုးမြှင့်ထုတ်ချေးခြင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူရက အမှာစကားပြောကြားပြီး မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာက သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်ရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပန်းတောင်းမြို့နယ် စမ်းဝကျေးရွာအုပ်စုမှ တောင်သူများထံသို့ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ပေးအပ်ကြသည်။

လပြည့်လင်း(ပြန်/ဆက်)



# ၂၀၂၆ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car–(AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသောအမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## ပေါင်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေး

ပေါင် မေ ၁၂

၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲကို ယနေ့နံနက်က မွန်ပြည်နယ် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှုခန်းမ၌ပြုလုပ်ရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်က လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းကို တည်ဆောက်ရန် ပြောကြားသည်။

ထို့နောက် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရေးနှင့်ပတ်သက်၍ သိကောင်းစရာများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါ်ယုယုခိုင်က ရှင်းလင်းပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပေါင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ



ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

## ပြည်မြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေး

ပြည် မေ ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးပေးခြင်း အခမ်းအနားကို ယနေ့နံနက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပြည်ခရိုင်ဘဏ်ခွဲ၌ကျင်းပရာ ပြည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် ခရိုင်ဘဏ်ခွဲ မန်နေဂျာတို့က ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများနှင့်ပတ်သက်၍ တောင်သူများ သိသင့်သိထိုက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ပြည်မြို့နယ် ဘိုကုန်းကျေးရွာနှင့် ကုန်းသာလင်းကျေးရွာအုပ်စုမှ ယခင်စိုက်ပျိုးစရိတ်ချေးငွေ ပြေကျေပြီးသည့် တောင်သူ ၁၀၅ ဦး၏ မိုးသီးနှံစိုက်ဧကပေါင်း ၃၀၄ ဧကအတွက် စုစုပေါင်း ငွေကျပ် ၉၁၂ သိန်းကို တောင်သူများအား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)



## ညောင်ရွှေမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

ညောင်ရွှေ မေ ၁၂

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏



၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ယနေ့နံနက်က မြို့နယ်ဘဏ်ခွဲ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းက အမှာစကားပြောကြားပြီး မြို့နယ်ဘဏ်ခွဲ မန်နေဂျာက စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးမည့်အစီအစဉ်ကို ရှင်းလင်းပြောကြားကာ တောင်သူများထံ စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ယနေ့တွင် ညောင်ရွှေမြို့နယ်ရှိ ကျေးရွာအုပ်စု လေးအုပ်စုမှ တောင်သူ ၉၇ ဦး၏ စပါးနှင့် ပြောင်း ဧက ၆၇၀ အတွက် ငွေကျပ် ၁၈၁၅ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရွှေတောင်မြို့နယ်၌ စိုက်ပျိုးစရိတ် တိုးမြှင့်ထုတ်ချေး

ရွှေတောင် မေ ၁၂

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယနေ့နံနက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ (ရွှေတောင်)မှ ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကားပြောကြားပြီး ဒေသခံတောင်သူများသို့ ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုကိုမင်း (ပြန်/ဆက်)



## ဓနုဖြူမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်

ဓနုဖြူ မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ယနေ့နံနက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံး၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများအား အကျော်ကျေးရွာအုပ်စုနှင့် ကမ်းငူကြီးကျေးရွာအုပ်စုများမှ တောင်သူ ၁၀၁ ဦးအတွက် ချေးငွေကျပ်သိန်း ၂၁၇၂၀၀၀၀၀ ထုတ်ချေးပေးကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



## ကလောမြို့နယ်၌ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

ကလော မေ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၌ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ခရိုင်/မြို့နယ်အဆင့် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ယနေ့နံနက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်က အမှာစကားပြောကြားပြီး ကလောမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် ဖယ်ခုံမြို့နယ်စီမံခန့်ခွဲနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့အား ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနဆိုင်ရာတာဝန်ရှိသူများထံ ဒေသန္တရစီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)

## ထားဝယ်မြို့၌ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေး



ထားဝယ် မေ ၁၂

ထားဝယ်မြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်ဘဏ်ခွဲ၌ ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီးမန်နေဂျာက မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးမန်နေဂျာက ရပ်ကွက်/ကျေးရွာ နှစ်အုပ်စုမှ အဖွဲ့ဝင်တောင်သူ သုံးဦးအား စပါးစိုက်ဧက ၁၇ ဧကအတွက် ချေးငွေကျပ် ၅၁ သိန်းကို ထုတ်ချေးပေးသည်။

**ငွေဇင်ယော်(ထားဝယ်)**



## တောင်ငူခရိုင်၌ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ပေးအပ်

တောင်ငူ မေ ၁၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးစရိတ်တိုးမြှင့်ထုတ်ပေးခြင်းနှင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နတ်သျှင်နောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ခရိုင်မန်နေဂျာက မိုးရာသီစိုက်ပျိုးစရိတ်တိုးမြှင့်ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက တောင်သူလယ်သမားများအား ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်သည်။

**ဇော်ကိုကို(တောင်ငူ)**

## မိုင်းပျဉ်းမြို့နယ်၌ စိုက်ပျိုးမွေးမြူရေးအသိပညာပေး

မိုင်းပျဉ်း မေ ၁၂


ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၌ စိုက်ပျိုးမွေးမြူရေးအသိပညာပေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ယမ်းမိုင်ကျေးရွာ ဘက်စုံသုံးခန်းမ၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက မျိုးကောင်းမျိုးသန့် စပါးများ စိုက်ပျိုးနိုင်ရေး၊ သဘာဝသစ်ဆွေးမြေသြဇာများ ပြုလုပ်သုံးစွဲပုံ အဆင့်ဆင့်နှင့် တစ်ဧက အထွက်နှုန်း ပိုမိုမြင့်မားရေး၊ ကျွဲ၊ နွား၊ ကြက်၊ ဝက် စသဖြင့် မွေးမြူကြရာတွင် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ ဖြစ်ပွားတတ်သော ရောဂါအမျိုးအစားများအကြောင်းတို့ကို ဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

## ဖြူးမြို့နယ်၌ စိုက်ပျိုးစရိတ်တိုးမြှင့် ထုတ်ချေးပေးခြင်းနှင့် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်



ဖြူး မေ ၁၂

ဖြူးမြို့နယ်၌ စိုက်ပျိုးစရိတ်တိုးမြှင့် ထုတ်ချေးပေးခြင်းနှင့် ၂၀၂၆ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး မြို့နယ်မန်နေဂျာက ချေးငွေဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူများအား စိုက်ပျိုးချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## ပွင့်ဖြူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ပေးအပ်

ပွင့်ဖြူ မေ ၁၂

ပွင့်ဖြူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ပေးအပ်ပွဲကို မြို့နယ်လဝကဦးစီးမှူးရုံး၌ကျင်းပရာ မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဒေသခံပြည်သူ ၁၂၆ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ဒိုက်ဦးမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

ဒိုက်ဦး မေ ၁၂

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ ၂၀၂၆ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်ချေးငွေအကြံပေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက အမှာစကားပြောကြား၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာက တောင်သူများအား ချေးငွေစည်းကမ်းသတ်မှတ်ချက်များနှင့် လယ်ယာသုံးစက်ကိရိယာ ထုတ်ချေးပေးခြင်းကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စုအလိုက် ပေးအပ်ခဲ့ကြောင်း သိရသည်။



**စိုးထက်ကျော်(ပြန်/ဆက်)**



ချောင်းဆုံမြို့နယ်အတွင်း သောက်သုံးရေရှားပါးသည့် ပင်လယ်ကမ်းနား ကျေးရွာများရှိဒေသခံပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကာ မေ ၁၂ ရက်က ဇီးကုန်းကျေးရွာရှိ ဒေသခံပြည်သူများသို့ သောက်သုံးရေများ ဖြန့်ဝေပေးစဉ်။ ကိုကျော်(ချောင်းဆုံ)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့်ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**





**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**တောင်ကြီး မေ ၁၂**

ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလင်းအောင်ဆွေသည် ကလောမြို့နယ်ရှိ အင်းခေါင်းဆည် စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ ဟဲဟိုးဥယျာဉ်ခြံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံး၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဌာနဆိုင်ရာများ၏ ဆွေးနွေးတင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်းပေးသည်။ ယင်းနောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ကျေးရွာများအတွက် ရန်ပုံငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



**ထက်ဝေ(ပြန်/ဆက်)**

# မုဒုံမြို့၌ ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးခြင်းနှင့် ချေးငွေပေးအပ်ပွဲကျင်းပ

**မုဒုံ မေ ၁၂**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ရက် (၁၀၀) စီမံချက်အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မုဒုံမြို့နယ်ဘဏ်ခွဲက ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးရေးနှင့် ချေးငွေပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီက ရွှေဟင်္သာခန်းမ၌ ကျင်းပသည်။



ဦးစွာ မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မင်းအောင်မြင့်က အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာက မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းသည်။ ထို့နောက် မွန်ပြည်နယ် ဒုတိယလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက တောင်သူများထံ စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရာမည (ပြန်/ဆက်)**

# ချောင်းဆုံမြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေပေးအပ်

**ချောင်းဆုံ မေ ၁၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ အစိုးရအဖွဲ့၏ ရက်ပေါင်း (၁၀၀) အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ချောင်းဆုံမြို့နယ် ဘဏ်ခွဲမှ ဆောင်ရွက်သည့် စိုက်ပျိုးစရိတ်တိုးမြှင့်ထုတ်ချေးခြင်းနှင့် ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက ကျွန်းသာယာခန်းမ၌ ကျင်းသည်။

ဦးစွာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးက အမှာစကားပြောကြားကာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် တာဝန်ရှိသူများက တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခဲ့သည်။

**ကိုကျော်(ချောင်းဆုံ)**



# တောင်ငူခရိုင်၌ ဒေသန္တရ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

**တောင်ငူ မေ ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၏ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၇ ရက်က တောင်ငူ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကားပြောကြားပြီး ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ရေတာရှည်မြို့နယ်၊ တောင်ငူမြို့နယ်၊ ထန်းတပင်မြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် ဖြူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများထံသို့ လုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



# ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**ညောင်ဦး မေ ၁၂**

ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် မြင်းကပါကျေးရွာ၌ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးလက်ရေရရှိရေး လုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း၊ 2 KW ဆိုလာတပ်ဆင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၃ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

**မော်လမြိုင်ကျွန်း မေ ၁၂**

မော်လမြိုင်ကျွန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်တို့က အမှာစကား



ပြောကြားပြီး မြို့နယ်မန်နေဂျာက မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ကြက်ရှာကျေးရွာအုပ်စုမှ တောင်သူများထံ ထုတ်ချေးပေးခဲ့သည်။ **ရဲကိုမောင် (ပြန်/ဆက်)**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"ပြည်သူ့ကာကွယ်ရေး ခေါင်းစဉ်အောက်က အကြမ်းဖက်များရှိနေသရွေ့ သာသနာ့ဘောင်မှ ရဟန်းသံဃာများ အကြောင်းမဲ့ အသက်ပေးနေရမည်လား"** ခေါင်းစဉ်ဖြင့် မေ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် မေ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် **"ကလေးငယ်များရဲ့အနာဂတ်ကို လက်တွေ့အကောင်အထည်ဖော်ပေးနေသော အစိုးရနှင့် နိုင်ငံရေး ခေါင်းစဉ်အောက်မှာ ကလေးငယ်တွေကို အသုံးချနေတဲ့ အစိုးရအမည်ခံအဖွဲ့အစည်း"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

# မိုင်းဆတ်မြို့၌ သစ်ဆွေးမြေအကြောင်း အသိပညာပေးဆွေးနွေး

**မိုင်းဆတ် မေ ၁၂**

မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းပြီး သစ်ဆွေးမြေအကြောင်း အသိပညာပေး ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက သစ်ဆွေးမြေအကြောင်း အသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်၊ သစ်ဆွေးမြေ၏ အဓိပ္ပာယ်၊ ဖွဲ့စည်းပုံအသေးစိတ်၊ အမျိုးအစားများ၊ ကမ္ဘာပေါ်နှင့် အာဆီယံဒေသတွင် သစ်ဆွေးမြေတည်ရှိမှုများ၊ မြန်မာနိုင်ငံရှိ သစ်ဆွေးမြေအခြေအနေ၊ သစ်ဆွေးမြေ၏ အရေးကြီးသည့်အချက်များ၊ သစ်ဆွေးမြေပျက်စီးသွားပါက ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများနှင့် သစ်ဆွေးမြေထိန်းသိမ်းရန် ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

**မွေးသက္ကရာဇ် အမှန်**

စစ်တွေမြို့နယ်၊ သဲချောင်းကျေးရွာ နေ (ဘ) ဦးငွေးအောင် ၁၁/စတန (နိုင်)၀၅၉၇၈၇ ၏သမီး မခင်လွင်ဝေ ၁၁/စတန(နိုင်)၁၅၅၉၆၇ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်အရ ၁၀-၁၁-၂၀၀၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့ ၊ တင်းတိပ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၇၉၃/ဥတ္တမရာဇ်ကံတောင်)၊ ဦးပိုင်အမှတ်(၇/၁)၊ မြေဧရိယာ(၀.၂၂)ဧကရှိမြေသည် ဦးဆန်းဝင်းနိုင် အမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ်၊ ၁/၀၄/RD အရ နှစ်(၃၀)မြေငှားဂရန် ရရှိခဲ့ပြီး မြေငှားဂရန် သက်တမ်းမှာ (၂၀-၂-၂၀၀၄)မှ (၁၉-၂-၂၀၃၄)ရက်ထိဖြစ်ကြောင်း၊ အဆိုပါမြေငှားဂရန်အနက်မှ ဦးပိုင်အမှတ်(၇/၁-ခ)၊ မြေဧရိယာ(၀.၀၆၀)ဧကရှိမြေ အား ဦးဆန်းဝင်းနိုင်(ဘ)ဦးကြည်မောင် ၅/စကန(နိုင်) ၀၀၁၃၇၆ မှ ဒေါ်ဝေဇင်မြင့် (ဘ)ဦးမျိုးမြင့် ၅/စကန(နိုင်)၂၂၉၂၅၀ သို့ မြေကွက် အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဝေဇင်မြင့် အမည် ဖြင့် မြေငှားဂရန် ခွဲစိတ်/အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅) ရက် အတွင်း စစ်ကိုင်းခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံ စဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင် ၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ လူနေရပ်ကွက်အမှတ် (ဒက္ခိဏသီရိ)၊ မြေကွက်အမှတ်( ဒ-၂၀၂၀)၊ ဧရိယာ(၀ဒသမ၂၂၉)ဧက (တစ်နည်းအားဖြင့်ဆိုသော်) နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိအရှေ့ရပ်ကွက်၊ အာသာဝတီ(၄)လမ်း၊ အမှတ်( ဒ-၂၀၂၀)ပေါ်ရှိ အဆောက်အအုံတစ်လုံးနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်ထံမှ တရားဝင် နည်းလမ်းတကျ စာချုပ်စာတမ်းများချုပ်ဆို၍ လက်ရှိထား ပိုင်ဆိုင်နေထိုင်သူမှ တရားဝင် ရောင်းချ ခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိအိမွန် (LL.B ) ( တရားလွှတ်တော်ရှေ့နေ ) ( စဉ်-၁၆၁၇၃/၂၀၁၉ )**
**အမှတ်(၃၁/ဘီ)၊ (၄-လွှာ)၊ ဝေဠုဝန်လမ်းကျယ်၊ဝေဠုဝန်တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း ၀၉-၄၂၁၀၂၆၉၀၄**

## “ ဒေါ်လှလှဝေE/RGN -၀၀၄၂၆၇နှင့်အများသိရှိစေရန် ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၀) ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် (၂၅၆/ခ) နေ ဒေါ်ရင်မြင့် (၁၂/လမန(နိုင်)၀၂၀၅၀၂)၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်၊ (၂၀) ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် (၂၅၆/ခ) ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ် (၂၀)၊ မြေကွက်အမှတ် (၂၅၆/ခ)၊ (အလျား၂၂x အနံ၆၀)ပေ၊ ၀.၀၃၀ဧက အကျယ်ရှိ ဒေါ်လှလှဝေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကို ဒေါ်လှလှဝေထံမှ ဒေါ်ရင်မြင့်က (၃၀-၁၀-၂၀၂၃) ရက်စွဲပါ “နှစ်ဦးသဘောတူ မြေနှင့်အိမ်အပြီးအပိုင်ရောင်းချခြင်းကတိစာချုပ်”ဖြင့် ဝယ်ယူလက်ရှိထားခဲ့ကြောင်း၊ ယင်းစာချုပ်တွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် လိုအပ်သလို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုချုပ်ဆိုခဲ့ကြသည်ဟု သိရှိရပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုလိုပါသဖြင့် မိမိကတိပြုထားသည့်အတိုင်း လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် ဤကြော်ငြာပါရှိသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံ ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ရင်မြင့်** | **ဦးရဲရင့်နိုင်(LL.B)(တရားလွှတ်တော်ရှေ့နေ)၊** |
| **၁၂/လမန(နိုင်)၀၂၀၅၀၂** | **စဉ်-၁၁၈၆၅** |
| | **အခန်း(၃)၊ တိုက်(၁၂)၊ အုတ်စက်ရိပ်သာ(၁)၊ တညင်းကုန်း၊ အင်းစိန်မြို့နယ်** |
| | **ဖုန်း-၀၉-၉၇၂၈၅၇၀၁၇** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၅၃)၊ မြေကွက်အမှတ် (၆၀၂)၊ ဧရိယာ (၄၀ပေx၆၀ပေ) ရှိ ဒေါ်လှသန္တာအောင် (၁၂/အစန(နိုင်)၁၂၃၂၁၁) အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဦးငြိမ်းချမ်းအောင် (၉/သေရ(နိုင်)၀၀၀၆၉၂) ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄) ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသက်ပိုင်ကို(LL.B)** | **ဦးမင်းခန့်ကျော်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၈၁၉)** |

**အမှတ်(၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊(၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၂၅၄၆၀၈၅၉၄၊ ၀၉-၄၀၄၀၈၀၄၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ ရေသပြေလမ်း၊ အမှတ် (၃၃၁)၊ ကွင်း/ ကွင်းအမှတ် နှင့်အမည်- ၂၀၂/တောင်ပေါ်အနောက်၊ ဦးပိုင်အမှတ် (၁၉.ဗ)၊မြေကွက်အမှတ်-၁၉/၁၇၁၊(၀.၁၅၃)ဧက၊ဒေါ်နန်းခမ်းဖိန်အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်အား ဦးကြည်လှိုင်၊ ၇/မညန(နိုင်)၀၀၁၄၈၇က ဆက်စပ် စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစောသိန်း ၁၃/ဖခန (နိုင်)၀၂၈၇၅၇မှ ယင်းမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ၊ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါပြီး (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန့်သီရိရွှေဇင် အထက်တန်းရှေ့နေ( စဉ်-၅၅၄၉၇ )**
**၀တ/၂၃၊ နယ်မြေ(၇)၊ ဝါးပြားအောက်လမ်း၊ကျောင်းကြီးစုရပ်ကွက်၊**
**တောင်ကြီးမြို့၊ ဖုန်း - ၀၉-၄၅၁၉၉၂၆၇၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/97267, Honda Wave-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်ပိုင်ထွန်း ၁၄/ကကထ (နိုင်)၂၁၄၈၁၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ ဒက္ခိဏသီရိ အလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၀၁၃၀)၊ မြေဧရိယာ (၀ဒသမ၁၄၆)ဧကရှိ ဦးဝင်းနိုင် (ဘ) ဦးထွန်းရှိန် ၁၂/လမန(နိုင်) ၀၄၅၄၉၀ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးဝင်းနိုင် မှ ဦးတင့်ဆွေ (ဘ) ဦးညို ၉/တကန (နိုင်)၀၇၉၀၃၇နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/25242, Honda Scoopyi-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်ဖြိုးကျော် ၁၄/ပသန(နိုင်)၂၃၃၄၆၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ- ၂၀ )
## ရွှေဘိုခရိုင်တရားရုံးတော်
## ၂၀၂၆-ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄

| | | |
|---|---|---|
| ရောဝတီဘဏ်အများနှင့် | **နှင့်** | ၁။ ဦးကြည်သန်း |
| သက်ဆိုင်သောကုမ္ပဏီလီမိတက် | | ၂။ ဒေါ်ဝါဝါမြင့် |
| (၎င်း၏ကိုယ်စား ဒေါ်ယုယုလှိုင်) | | |
| ဘဏ်ခွဲတာဝန်ခံ၊ရွှေဘိုဘဏ်ခွဲ၊ရွှေဘိုမြို့ | | |
| **တရားလို** | | **တရားပြိုင်များ** |

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ယင်းမာကျေးရွာနေ (ဘ)ဦးညိုမြ၏ သား (၁) တရားပြိုင် ဦးကြည်သန်း ၅/ရဘန(နိုင်)၀၇၉၇၂၂၊ (ဘ) ဦးမြင့်ရွှေ၏သမီး (၂) တရားပြိုင် ဒေါ်ဝါဝါမြင့် ၅/ရဘန(နိုင်)၀၃၈၀၉၂ (အတူနေ လင်မယား) "ရွှေယင်းမာ" ဆန်စက်လုပ်ငန်းနှင့် ဆန်ရောင်းဝယ်ရေးလုပ်ငန်း (ယခု နေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပိုင်ဆိုင်မှုစာချုပ်စာတမ်းများအပ်နှံ၍ ပေါင်နှံမှု၌ အပေါင်ပစ္စည်းအား ထုခွဲရောင်းချပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ - ခုနှစ်၊ မေလ ၂၉ ရက် (၁၃၈၈-ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မ လာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆-ခုနှစ်၊ မေလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**( ကျော်သူအောင် )**
**ခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄/တောင်၊ မြေကွက်အမှတ် ၅၅၃/က၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၅၅၃/က)၊ ကျောင်းလမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမောင်စိန် (ISN-၄၄၄၈၁၆)အမည် ပေါက်နှစ် (၆၀) မြေငှားဂရန်မြေအား ဒေါ်မာမာအေးမှ တရားလိုပြုလုပ်၍ ဦးမောင်စိန် အား တရားပြိုင်ထားကာ ဒေါပုံမြို့နယ်၊ တရားရုံး၊ တရားမကြီးမှုအမှတ် ၇/၂၀၂၅ ဖြင့် ကတိပဋိညာဉ်အတိုင်း မြေကွက်နှင့်မြေကွက်ပေါ်ရှိနေအိမ်အဆောက်အအုံ အရောင်း အဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုအပေါ် အနိုင်ဒီကရီ ချမှတ်သည့် ၉-၅-၂၀၂၅ ရက်စွဲပါ စီရင်ချက်၊ တာဝန်ခံမိတ္တူမှန် ၊ တရားမဇာရီမှုအမှတ် ၁၉/၂၀၂၅ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၇-၁၁-၂၀၂၅ ရက်စွဲပါ တရားရုံး နေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်မြေနှင့် အိမ်အရောင်း အဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရေးအတွက် မြေပုံ၊ မြေရာဇဝင်ကူးယူခြင်း၊ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်းစသော ကိစ္စအဝဝတို့ကိုကူညီ ဆောင်ရွက်ပေးပါရန်၊ ဒေါပုံမြို့နယ်တရားရုံးမှဤဌာနသို့အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဘီလစ်ဦးဆောင်းလွင်ဦးမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ပန်းဘဲတန်းမြို့နယ်၊ ၃၂-လမ်း၊ အမှတ်(၁၆၄/၁၆၈)အကွရာယ်ရှိ အဆောက် အအုံ၏ မူလနေထိုင်သူ ဦးမင်းဇော်အမည်ဖြင့် မှတ်သားထားသည့် မြေညီထပ် အခန်းအမှတ်(၃)အား ဦးမင်းဇော်ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းသန်း ငွေအမည်သို့ ပြောင်းလဲမှတ်သားပေးပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ပုသိမ်ညွှန့် (၃) လမ်း၊ အမှတ် (၁၆)၊ (၄လွှာ) (ဝဲဘက်ခြမ်း)ဟုခေါ်တွင်သော အလျား (၁၂. ၅) ပေ x အနံ (၅၀) ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ပြန်လည်ရောင်းချပိုင်ခွင့်နှင့် အမွေဆိုင်အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြမြဝင်း (ဘ)ဦးကောက် (၁၂/သဃက(နိုင်)၀၃၃၈၅၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမြင့်ထွေး(၁၂/ဒဂရ (နိုင်)၀၃၉၀၁၅) က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးမျိုးမြင့်ထွေး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ဆွေ (LL.B,LL.M,D.B.L, D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၅၂၂)**
**အမှတ် (၂၃)၊ ၄-လွှာ/အေ၊ ပုသိမ်ညွှန့်(၃)လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း -၀၉-၇၉၈၃၉၁၆၀၅၊ ၀၉-၄၂၀၀၉၈၉၃၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ရွှေဘိုခရိုင် တရားရုံးတော်
## ၂၀၂၆ - ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃

| | | |
|---|---|---|
| ရောဝတီဘဏ်အများနှင့် သက်ဆိုင်သော | **နှင့်** | ၁။ ဦးစိုးဝင်း |
| ကုမ္ပဏီလီမိတက်(၎င်း၏ကိုယ်စား | | ၂။ ဒေါ်နွဲ့နွဲ့အေး |
| ဒေါ်ယုယုလှိုင်)ဘဏ်ခွဲတာဝန်ခံ၊ ရွှေဘိုဘဏ်ခွဲ | | |
| ရွှေဘိုမြို့ | | |
| **(တရားလို)** | | **(တရားပြိုင်များ)** |

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ စိုင်နိုင်ကွေ့ကျေးရွာ၊ စိုင်နိုင်ကြီး ကျေးရွာအုပ်နေ (၁) တရားပြိုင်ဦးစိုးဝင်း၊ (၂) တရားပြိုင် ဒေါ်နွဲ့နွဲ့အေး “ဇမ္ဗူအောင်” ဆန်စက်လုပ်ငန်းနှင့် ဆန်ရောင်းဝယ်ရေးလုပ်ငန်း၊(အတူနေ လင်မယား) (ယခု နေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ရောဝတီဘဏ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက် (၎င်း၏ ကိုယ်စားဒေါ်ယုယုလှိုင်)က “ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ အပ်နှံ၍ အပေါင်ပစ္စည်းအား တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်းဥပဒေ ၃ အရ ထုခွဲရောင်းချပေးစေလိုမှု " လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆုတ် ၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများ၊ သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးအောင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

## အများသိရှိစေရန် ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် (၇)၊ ရွှေလှိုင်လမ်းနေ ဒေါ်ဝတ်မှုန်လှိုင် ၁၂/ကမတ(နိုင်)၀၆၄၉၄၉ သည် ဒေါ်မြင့်မြင့်စိန် (ခ) ဒေါ်မိမိစိန်မှ ဥပဒေအရ တရားဝင်ပိုင်ဆိုင်သည့် ရန်ကုန်တိုင်း ဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၆) ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ် (၉၃)ရှိ (၅)ထပ်တိုက်၊ အခန်းအမှတ် (၃) (၅လွှာ၊ ၆ လွှာ (ဝဲ)) တိုက်ခန်းအား ဝယ်ယူရန် အတွက် (၉-၅-၂၀၂၆) ရက်တွင် စရန်ပေးစာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်၍ ယင်းတိုက် ခန်းနှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို အထောက်အထား စာအမှတ်စာတမ်းများ ယူဆောင်ပြီး ယနေ့မှစ၍ (၇) ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် (၇) ရက်ပြည့်မြောက်ပါက အရောင်းအဝယ် ဆက်လက်၍ လုပ်ဆောင်မည်ဖြစ်ကြောင်းကို အများသိရှိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းလင်းအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၄၆၁၂၆)**
**ဖုန်း - ၀၉-၄၂၀၇၇၈၀၇၉**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ် (၄၆-ဂ)၊ ယိုးဒယားကုန်းအကွက်၊ ဦးပိုင်အမှတ် (၁-၃)၊ မြေဧရိယာ(၀.၀၃၃) ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ အိမ်အမှတ်(၇၂)၊ ဇေယျဝတီ(၃)လမ်းနေ ဦးညီညီအောင်၊ ဒေါ်သန်းငွေးမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပြီး လျှောက်ထား ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာ သည့်ရက်မှစ၍ ရက်ပေါင်း (၃၀) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ် ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေအမိန့် ညွှန်ကြားချက် များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၁)၊ ကွင်းလမ်းအကွက်၊ ဦးပိုင်အမှတ်(၆၇-က)၊ ဧရိယာ (၀.၀၄၆)ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၆) ရပ်ကွက်၊ တဂေါင်းဘုရားလမ်းနေ ဦးအောင်သန်းမြင့် (ခ)တို့ကျင်ခင် မှ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်း လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူမည်သူမဆို ယခု လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ် ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြား ချက်များနှင့်အညီ မြေအမည် ပြောင်းလဲ ပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၂) ရပ်ကွက်၊ အကွက်အမှတ် (၆၂)၊ အုံးတောအကွက်၊ ဦးပိုင် အမှတ် (၁၄၂)၊ မြေဧရိယာ (၀.၀၂၃) ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ် (၂) ရပ်ကွက်၊ ဦးရွှေဝိုင်းလမ်းနေ ဦးအောင်ဝင်းမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင် သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင် ရွက်မပေးသင့်ကြောင်း ကန့်ကွက် လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံး လုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထား ခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ် ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ဝင်ငွေခွန်ကြေညာလွှာ / လစာနှစ်ချုပ်စာရင်း / နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့်ဝင်ငွေနှစ်၊ရောင်းရငွေ၊ ရငွေ ရရှိသောနှစ် (စာရင်းပြုစုရမည့် ကာလ) သတ်မှတ်ချက်မှာ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူနေသော ရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီအသစ်ဖြစ်ပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website Home Page ရှိ အခွန်ထမ်းမှတ်ပုံတင်ရန် (e-Registration Button) မှ ဝင်ရောက်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင် ရမည်ဖြစ်ပါသည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) လျှောက်ထားရရှိပြီးပါက အီလက်ထရောနစ် အခွန်ကြေညာလွှာတင်သွင်းမှုစနစ်နှင့် အီလက်ထရောနစ်အခွန်ပေးဆောင်မှုစနစ်များကိုပါ ဆက်စပ်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အခွန်ထမ်းသစ်တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း (၃) မျိုးဖြင့် တင်သွင်းနိုင်ပါသည် -

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက်တံဆိပ်ပါ ရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့်ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်း သည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူ ရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့်နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့်တင်သွင်း ခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System)ကိုအသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်း ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် အသုံးပြု နိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာ တင်သွင်းပုံအဆင့်ဆင့် ဗွီဒီယိုဖိုင် (User Guide Video Files) များကို ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.ird.gov.mm တွင် လေ့လာနိုင်ပါသည်။

(**မှတ်ချက်။** အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးများနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာတင်သွင်းကြရန် ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည်ဖြစ်ပါသည်။ (သတ်မှတ်ကြေညာလွှာပုံစံများကို www.ird.gov.mm တွင်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ရုံးများထံတွင်လည်းကောင်း ရယူနိုင်ပါသည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည် ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေ ရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

(ဃ) အခွန်ထမ်းကုမ္ပဏီအသစ်များအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာ တင်သွင်းမှုစနစ်အား အသုံးပြု၍ အခွန်ကြေညာလွှာတင်သွင်းရာ၌ အခွန်ထမ်း၏ လက်မှတ်မှတ်တမ်း(မူရင်း)ကို သက်ဆိုင်ရာအခွန်ရုံးထံ သင့်ရာနည်းဖြင့် မပျက်မကွက် ကြိုတင်ပေးပို့ရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ (အင်္ဂါနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန်ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည် ဖြစ်ပါသည် -

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထား သည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာတင်သွင်း ရမည့် သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည် -

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊
ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။
ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်-၀၂-၄၀၃၀၁၀၉၂၊ ၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မြိတ်တက္ကသိုလ်
## ပါရဂူဘွဲ့ (PhD) သင်တန်းသားများခေါ်ယူခြင်း

၁။ မြိတ်တက္ကသိုလ်တွင် ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (PhD) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။

(က) မြန်မာစာ
(ခ) ပထဝီဝင်
(ဂ) အဏ္ဏဝါသိပ္ပံ

၂။ ပါရဂူဘွဲ့ (PhD) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည် -

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ ) ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် အသက် (၄၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
( ဂ ) ပါရဂူအကြိုသင်တန်းကို အချိန်ပြည့် (၁)နှစ် တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး **မဟာဘွဲ့အောင်မြင်သူ** ဖြစ်ရမည်။ အဏ္ဏဝါသိပ္ပံ ဘာသာရပ်အတွက် ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒနှင့် ဘူမိဗေဒဘာသာရပ်များဖြင့် မဟာဘွဲ့အောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်သည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။
(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲက ထောက်ခံသူဖြစ်ရမည်။
(၅) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများ ကိုသာလက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) အနိမ့်ဆုံးနည်းပြ၊ သရုပ်ပြ (သို့မဟုတ်) ယင်းနှင့် အဆင့်တူ သင်ကြားရေးရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိရမည်။
(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ် ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ကို CGPA 4.5 နှင့်အထက်ရရှိသူ (သို့မဟုတ်) အနည်းဆုံးမဟာဘွဲ့အပြင် ကိုယ်တိုင်သုတေသန လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာ ပါရဂူဦးစီးကော်မတီက အသိအမှတ်ပြုသူ ဖြစ်ရမည်။

၃။ မြိတ်တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် (၁၉-၅-၂၀၂၆) ရက်( အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မြိတ်တက္ကသိုလ်တွင် ပါရဂူဘွဲ့ (PhD) သင်တန်းဝင် ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

(က ) ၂၁-၅-၂၀၂၆ ရက် ( ကြာသပတေးနေ့) ၉:၀၀ နာရီမှ ၁၂:၀၀ နာရီ သက်ဆိုင်ရာဘာသာရပ်
(ခ) ၂၂-၅-၂၀၂၆ ရက် ( သောကြာနေ့) ၉:၀၀ နာရီမှ ၁၂:၀၀ နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို၂၈-၅-၂၀၂၆ ရက်နေ့ ( ကြာသပတေးနေ့)တွင် လူတွေ့စစ်ဆေးမည်၊

၆။ အသေးစိတ် အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ်ပါမောက္ခ (ဌာနမှူး) များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ ဖုန်းနံပါတ် ၀၉-၄၂၉၀၉၄၀၀၆ ၊ ၀၉-၄၂၂၁၉၅၃၃၉ တွင် စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း(သင်တန်းရေးရာ)**
**မြိတ်တက္ကသိုလ်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/1265 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## လေလံကြော်ငြာ

၁။ ကျိုင်းတုံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ဖမ်းဆီးရမိပြီး ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသည့် လူသုံးကုန်ပစ္စည်းများအား အောက်ဖော်ပြပါ အတိုင်းလေလံတင်ရောင်းချသွားပါမည်-

(က) **လေလံတင်ရောင်းချမည့်ရက်စွဲ** - ၂၈-၅-၂၀၂၆ရက် (ကြာသပတေးနေ့)
(ခ) **လေလံတင်ရောင်းချမည့်အချိန်** - နံနက် (၁၀:၀၀နာရီ)
(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ ကျိုင်းတုံမြို့

၂။ လေလံဝယ်ယူလိုသူများသည် လေလံစည်းကမ်း၊ ကုန်ပစ္စည်းစာရင်းများအား ၂၀-၅-၂၀၂၆ရက်မှစတင်၍ ၂၂-၅-၂၀၂၆ ရက်အထိ နံနက်(၉:၃၀)နာရီမှ (၁၆:၃၀)နာရီအတွင်း ကျိုင်းတုံမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း-၀၈၄-၂၁၂၁၀၀၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ ပြလို့မြို့၊ အထက(၁)ကျောင်း၊ Grade-8၊ အခန်း(A) မှ မောင်ဝသုန်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ဗိုလ်ဇော် ၈/ အလန(နိုင်)၂၀၃၉၁၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ ပြလို့မြို့၊ အထက(၁)ကျောင်း၊ Grade-4၊ အခန်း(B) မှ မရွှေရတီမိုး၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ဗိုလ်ဇော် ၈/အလန(နိုင်)၂၀၃၉၁၃ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၅-၂၀၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၆) တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ဥမ္မာမြင့်၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဒေါ်ယွန်းအိန္ဒြေအောင် အစား ဒေါ်ယွန်းအိန္ဒြာအောင် ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်ပြောင်း

ကျုံပျော်ခရိုင်၊ ရေကြည်မြို့၊ အမက (ရုံးကွက်သစ်) Grade-5 ဖြေဆိုထားသော (ဘ) ဦးအောင်ကျော်ဇံ၏သား မောင်မင်းဝေဇင်အား မောင်သက်ဘုန်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သက်ဘုန်းအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/2426, SUZUKI CARRY DA63T ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းထွန်းလူ ၁၃/လရန(နိုင်)၁၈၈၀၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (လားရှိုး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/5671, CPM Sawasdee-115 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းယုခိုင် ၈/မကန(နိုင်)၁၇၁၇၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး(တောင်)ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် (၁၁၅/၁၁၇) တွင် ဖွင့်လှစ်ထားရှိသည့် ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ အမှတ်-၃၂(ဘီ)တွင် ဖွင့်လှစ်ထားရှိသည့် ပိုင်ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်းမှ တည်ထောင်သူ ဒေါက်တာထွန်းထွန်းနိုင်(ခ) ဆရာကောင်း (၁၂/မဂတ(နိုင်)၀၀၀၃၉၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ပိုင်ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်းသည် ပညာရေးဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်ကာ အခြေခံပညာဘာသာရပ်များအား ဖွင့်လှစ်သင်ကြားပေးနေသည့် ကိုယ်ပိုင်အထက်တန်းကျောင်းများဖြစ်ပါသည်။ အရည်အချင်းပြည့်ဝသော ဆရာ/ဆရာမများမှ သင်ကြားပေးလျက်ရှိပြီး၊ ထူးချွန်ကျောင်းသား/ကျောင်းသူများအား မွေးထုတ်ပေးလျက်ရှိကာ မိဘများ၊ ကျောင်းသား/သူများကြားတွင် စည်းကမ်း၊ စာ၊ စနစ် အထူးကောင်းမွန်သည်ဟူသော ဂုဏ်သတင်းများဖြင့် ရပ်တည်လျက်ရှိပါသည်။

ထိုသို့ ကောင်းသတင်းများဖြင့် ရပ်တည်နေသည့်အပေါ် Facebook, Messenger, Viber, Telegram, WhatApp, WeChat, Instagram, LinkedIn, Twitter, Tik Tok, YouTube စသည့် ဆိုရှယ်မီဒီယာ (Social Media) များ၊ လူမှုကွန်ရက် စာမျက်နှာများ၊ အင်တာနက်စာမျက်နှာများတွင် ကောင်းထက်ကျော်နှင့် ပိုင်ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်းများ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်များဖြင့် ဤကျောင်းများဟု အထင်အမြင်မှားစေသည့် မြန်မာလို (သို့မဟုတ်)အင်္ဂလိပ်လို အရှည်ကောက်ဖြစ်စေ၊ အတိုကောက် ဖြစ်စေ အမည်များမှည့်၍ Page များ ထောင်ခြင်း၊ အကောင့်များ ဖွင့်ခြင်း၊ Group များ ထောင်ခြင်း၊ Post များ တင်ခြင်း၊ ဤကျောင်းများ ထိခိုက်နစ်နာစေရန်၊ အသရေပျက်စေရန် ရေးသား ပြောဆိုခြင်းများ၊ အကျိုးစီးပွားကို ထိခိုက်နစ်နာစေသည့် မဟုတ်မမှန်သည့် သတင်းအချက်အလက်များ၊ အကြောင်းအရင်း တစ်စုံတစ်ရာကို မှန်ကန်မှု ရှိ/ မရှိ တိတိကျကျ သိရှိခြင်းမရှိဘဲ ဝေဖန်ရေးသားပြောဆိုခြင်း၊ စွပ်စွဲပြောဆိုခြင်း၊ မှတ်ချက်ပြုခြင်း၊ ဖြန့်ဝေခြင်း၊ တစ်ဆင့်ပြန့်ပွားစေခြင်း၊ လှုံ့ဆော်ပေးခြင်းများ (လုံးဝ) မပြုလုပ်ကြပါရန်နှင့် ထိုသို့ ပြုလုပ်ဆောင်ရွက်သူ မည်သူကိုမဆို တွေ့ -မြင်-ကြား-သိရပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ဆက်သွယ်ရေးဥပဒေအရဖြစ်စေ လိုအပ်သလို ထိရောက်စွာ ဖော်ထုတ်အရေးယူမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါက်တာထွန်းထွန်းနိုင် (ခ) ဆရာကောင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းမင်းစိုး**
**LL.B, D.BL. D.I.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ Ph-09-450023651, 09-793568375**

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

## (၆ / ၂၀၂၆-၂၀၂၇)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-031(26-27)CAP | Spares for BOP & Wellhead Handling Bolting Tools (1) Lot | Ks |
| (၂) | DMP/L-032(26-27)CAP | 6” x 8” R Sand Pump with Motor (4) Sets | Ks |
| (၃) | DMP/L-033(26-27)CAP | Spares for K 700 Mud Pump Ex National 55 Series Drilling Rig (2) Groups | Ks |
| (၄) | DMP/L-034(26-27)CAP | Spares for F 1000 Mud Pump Ex D3 T2 Drilling Rig (2) Groups | Ks |
| (၅) | DMP/L-035(26-27)CAP | Installation Services of Cathodic Protection System for Myaingalay-Yangon 20” Natural Gas Pipe Line (1) Lot | Ks |
| (၆) | DMP/L-036(26-27)CAP | Main Motor for L-Type and ZW-Type Compressor (2) Items | Ks |
| (၇) | DMP/L-037(26-27)CAP | Spare Parts for L-Type,ZW-Type and IMW Compressor (3) Groups | Ks |
| (၈) | DMP/L-038(26-27)CAP | Spare Parts for Intermech (LP), Kwangshin, and Aspro (3) Groups | Ks |
| (၉) | DMP/L-039(26-27)CAP | Spare Parts for CNG Dispenser (3) Items | Ks |
| (၁၀) | DMP/L-040(26-27) | 6 " API 5L Coated Steel Line Pipe (2,400) MTR | Ks |
| (၁၁) | DMP/L-041(26-27) | Assorted sizes of Welding Electrodes (2) Items | Ks |
| (၁၂) | DMP/L-042(26-27) | Cement Additives (6) Items | Ks |
| (၁၃) | DMP/L-043(26-27) | Accessories for D 375 Mud Pump (6) Items | Ks |
| (၁၄) | DMP/L-044(26-27) | Steel Wire Ropes for Well Servicing (2) Items | Ks |
| (၁၅) | DMP/L-045(26-27) | Accessories for Gas Control and Metering System (38) Item | Ks |
| (၁၆) | DMP/L-046(26-27) | Accessories for Gas Engine and Compressor (3) Groups | Ks |
| (၁၇) | DMP/L-047(26-27) | Coolant (Premix Coolant) (30) Drums | Ks |
| (၁၈) | DMP/L-048(26-27) | Assorted sizes of Rock Bit, PDC Bit and Other Bit (1) Lot | Ks |
| (၁၉) | DMP/L-049(26-27) | Assorted sizes of Shoe, Collar and Cementing Plug (1) Lot | Ks |
| (၂၀) | DMP/L-050(26-27) | Accessories for D3 T2 SR II Drawwork (1) Lot | Ks |
| (၂၁) | DMP/L-051(26-27) | Accessories for Hand Tools Ex Production Testing(8)Items | Ks |
| (၂၂) | DMP/L-052(26-27) | Accessories for Pipe Fitting (19) Items | Ks |
| (၂၃) | DMP/L-053(26-27) | Accessories for Casing Elevator (1) Lot | Ks |
| (၂၄) | DMP/L-054(26-27) | Accessories for Work Over and Fishing (1) Lot | Ks |
| (၂၅) | DMP/L-055(26-27) | Manila Rope and Jute Rope (2) Groups | Ks |
| (၂၆) | DMP/L-056(26-27) | Duovis (10) Tons | Ks |
| (၂၇) | DMP/L-057(26-27) | Barytes(Local)(800) Tons | Ks |
| (၂၈) | DMP/L-058(26-27) | Assorted Kinds of Filter (1) Lot | Ks |
| (၂၉) | DMP/L-059(26-27) | Assorted Kinds of Belt (1) Lot | Ks |
| (၃၀) | DMP/L-060(26-27) | Assorted Kinds of Bearing (1) Lot | Ks |
| (၃၁) | DMP/L-061(26-27) | Accessories for Adaptor Spool and Flanges (1) Lot | Ks |
| (၃၂) | DMP/L-062(26-27) | Accessories for all Swivels (1) Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၁၃-၅-၂၀၂၆** ရက်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၂၇-၅-၂၀၂၆ ရက်နေ့ (၁၃:၀၀)နာရီ** တွင် နောက်ဆုံးထား၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ ရတနာခန်းမ၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊**
**ဖုန်း၊ ၀၆၇-၄၁၁၂၀၆**

## စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုငွေဖြင့် Lot(6) တောင်ကြီးမြို့နယ်၊ ကျောက်နီမွေးမြူရေးဇုန်အတွင်း (၁၂၀'x၄၅')ပေ နွားခြံ တည်ဆောက်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ လာရောက်တင်သွင်းနိုင်ရေးအတွက် ဖိတ်ခေါ်အပ်ပါသည်။

၁။ **တင်ဒါခေါ်ယူသည့်ကာလ** - (၁၁-၅-၂၀၂၆) ရက် မှ (၁၀-၆-၂၀၂၆) ရက်ထိ

၂။ **တင်ဒါတင်သွင်းရမည့်အချိန်** - (၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီ အတွင်း) (အစိုးရရုံးပိတ်ရက်များမှ အပ)

၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့် နေ့ရက်/ အချိန်** - ၁၀-၆-၂၀၂၆ ရက် (၁၆: ၃၀ နာရီထိ)

၄။ **တင်ဒါလျှောက်လွှာများ ဝယ်ယူတင်သွင်း** ရမည့်နေရာ - ပြည်နယ်ဦးစီးမှူးရုံး၊ ရှမ်းပြည်နယ်မွေးမြူရေး နှင့် ကုသရေးဦးစီးဌာန၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်ကွက်၊တောင်ကြီးမြို့

၅။ ဖုန်းနံပါတ် - ၀၈၁-၂၀၆၄၄၅၊၀၈၁-၂၁၂၀၁၈

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဤရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရှမ်းပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်တွင် ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရုံးအဆောက်အအုံ နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကိုရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (အစိုးရအဖွဲ့ရုံး) ဂိတ်အမှတ် (၄)၊ အလုံလမ်းတွင် ၀၉၃၀ အချိန်မှ ၁၆၃၀ အချိန်အတွင်း (ရုံးပိတ်ရက်မပါ)ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၄-၅-၂၀၂၆ ရက်

၄။ **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်** - ၂၇-၅-၂၀၂၆ ရက်

၅။ **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေ့ရက်** - ၂၉-၅-၂၀၂၆ ရက် (ရုံးချိန်အတွင်း) ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၆။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်

၇။ **တင်ဒါဖွင့်မည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ

၈။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁-၈၃၀၂၅၆၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ရပ်ကွက်ကြီး(၁၁/ရေငယ်)၊ ကွင်း/အကွက်အမှတ် (၆၈၁-ခ/ရေငယ်တောင်ကွင်း)၊ ဦးပိုင်အမှတ် (၁၃၄/ဃ)၊ မြေဧရိယာ(၀.၀၆၀)ဧကရှိ မြေကွက်အား ဦးပိုင်ခွဲ/အမည်ပြောင်းဂရန် လျှောက်ထားနိုင်ရေး ဦးသိန်းရင် (၁၂/ကမရ(နိုင်)၀၄၉၉၆၃) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ် (၁၃/ညံတောအရှေ့အရပ်)၊ ဦးပိုင်အမှတ် (၄၈-ခ)၊ မြေဧရိယာ (၀ဒသမ ၀၄၁) ဧကရှိ မြေကွက်အား ဦးပိုင်ခွဲ/အမည်ပြောင်းဂရန် လျှောက်ထားနိုင်ရေး ဒေါ်နန်းလှိုင်ခမ်း (MMO-၃၃၆၃၇၂) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့် ရက်မှစ၍(၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၅-၂၀၂၆ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၁) မိတ္ထီလာ တက္ကသိုလ်(၂၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကြေညာချက် ကြော်ငြာတွင် ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ ကြေး- ၁၅၀၀၀၀/- အစား ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L.7752 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း များသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇေကမ္ဘာကုမ္ပဏီလီမိတက်ထံမှ နတ်တော်ကုမ္ပဏီလီမိတက်က ဝယ်ယူထားသည့် နှစ် (၆၀) မြေငှားဂရန်မြေကွက်များနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ တရားဝင်ဖွဲ့စည်းတည်ထောင်ထားသည့် နတ်တော်ကုမ္ပဏီလီမိတက် (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၄၃၄၆၅၀၄၇) ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ မြေကွက်များအနက် ဇေကမ္ဘာကုမ္ပဏီလီမိတက်အမည်ဖြင့် နှစ် (၆၀) မြေငှားဂရန်များ တရားဝင် ထုတ်ပေးထားသည့် မြေကွက်များကို ကျွန်ုပ်၏အမှုသည်က ကာလတန်ဖိုးငွေများဖြင့် ဝယ်ယူခဲ့ပါသည်။ ရောင်းချသူဂရန်အမည်ပေါက် ဇေကမ္ဘာကုမ္ပဏီလီမိတက်ကလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/ မြေရာဇဝင်များ တရားဝင်ရေးကူးထုတ်ပေးပြီး၊ မြေပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မြေနေရာများကို ကျွန်ုပ်၏အမှုသည် လက်ဝယ်သို့ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏အမှုသည် နတ်တော်ကုမ္ပဏီသည် ဇေကမ္ဘာကုမ္ပဏီအမည်ဖြင့် တရားဝင် မှတ်သားထားသော နှစ် (၆၀) ဂရန်မြေကွက်များကို ဝယ်ယူခဲ့ခြင်းအတွက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်အခွန်ငွေများပေးဆောင်၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုမှတ်ပုံတင်ခြင်း၊ ဂရန်အမည်ပြောင်းလဲခြင်း လုပ်ငန်းစဉ်များအားလုံးကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်ုပ်၏အမှုသည် နတ်တော်ကုမ္ပဏီက ဝယ်ယူခဲ့သော ဇေကမ္ဘာကုမ္ပဏီအမည်ပေါက် ဂရန်မြေများနှင့်ပတ်သက်၍ ဂရန်ထုတ်ယူထားသည့်အချိန်မှ ယနေ့ချိန်ထိကာလအတွင်း ဥပဒေအရ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ဇေကမ္ဘာကုမ္ပဏီလီမိတက်အပေါ် မည်သူတစ်ဦး တစ်ယောက်ကမျှ သက်ဆိုင်ရာတရားရုံးများတွင် တရားစွဲတောင်းဆိုခဲ့ဖူးခြင်းမရှိကြောင်းကို ဇေကမ္ဘာ ကုမ္ပဏီလီမိတက်၏ ပြောကြားချက်အရ သိရှိရကြောင်းလည်း အများသိစေရန် အသိပေးအပ်ပါသည်။

အချို့သောလူပုဂ္ဂိုလ်များသည် အဆိုပါမြေနေရာများနှင့်ပတ်သက်၍ လူအများ ထင်ယောင်ထင်မှားဖြစ်စေမည့် သတင်းများအား လူမှုကွန်ယက်စာမျက်နှာများတွင် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါလူပုဂ္ဂိုလ်များ ပြောဆိုသည့်မြေအမျိုးအစားများသည် ကျွန်ုပ်၏အမှုသည် နတ်တော်ကုမ္ပဏီက ဝယ်ယူထားသည့် မြေအမျိုးအစားများနှင့် တူညီခြင်းမရှိပါကြောင်းနှင့် ကျွန်ုပ်အမှုသည်နတ်တော်ကုမ္ပဏီနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် နတ်တော်ကုမ္ပဏီသည် ဇေကမ္ဘာကုမ္ပဏီထံမှ မည်သည့်လယ်ယာမြေကိုမျှ ဝယ်ယူခဲ့ဖူးခြင်းမရှိကြောင်းနှင့် ဇေကမ္ဘာကုမ္ပဏီ အမည်ပေါက်ပိုင်ဆိုင်သော ဂရန်မြေကွက်များကိုသာ မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီတစ်ခု၏ ဥပဒေအရ ဆောင်ရွက်ပိုင်ခွင့်ရှိသော အခွင့်အရေးများအတိုင်း ကုန်သည်စည်းကမ်းများ၊ ကျင့်ဝတ်များနှင့်အညီ ဝယ်ယူခဲ့ခြင်းသာဖြစ်ကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

(၄) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့် (၁) နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာ တင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ် နယ်ပယ်၌ မဟာဘွဲ့ကို CGPA 4.5 နှင့် အထက်ရရှိသူ (သို့မဟုတ်) အနည်းဆုံး မဟာဘွဲ့ အပြင် ကိုယ်တိုင် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာ ပါရဂူဦးစီးကော်မတီက အသိအမှတ်ပြုသူ ဖြစ်ရမည်။

၃။ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် (၁၉-၅-၂၀၂၆)ရက်( အင်္ဂါနေ့)အထိ နောက်ဆုံးထား၍ လျှောက်ထားရမည်၊

၄။ လျှောက်ထားသူများသည် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့ (PhD)သင်တန်း ဝင်ခွင့် စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

(က) ၂၁-၅-၂၀၂၆ ရက်(ကြာသပတေးနေ့)
၀၉:၀၀ နာရီမှ ၁၂:၀၀နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၂-၅-၂၀၂၆ ရက်(သောကြာနေ့)
၀၉:၀၀ နာရီမှ ၁၂:၀၀နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရရှိထားသူများကို ၂၈-၅-၂၀၂၆ ရက် (ကြာသပတေးနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ် ပါမောက္ခ (ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ ဌာနမှူး(သင်တန်း) (ဖုန်းနံပါတ်- ၀၉-၇၉၇၉၉၆၃၅၈)၊ဒု-ဌာနမှူး (သင်တန်း)(ဖုန်း-၀၉-၄၀၂၅၃၈၅၃၄) မော်ကွန်းထိန်း (ဖုန်း-၀၉-၄၄၄၆၉၄၈၆၂) ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မော်လမြိုင်တက္ကသိုလ်
## ပါရဂူ(PhD)သင်တန်းသားများ ခေါ်ယူခြင်း

၁။ မော်လမြိုင်တက္ကသိုလ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (PhD) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ် သင်ကြားမည် ဖြစ်ပါသည်-

(က) အင်္ဂလိပ်စာ

(ခ) ပထဝီဝင်

(ဂ) ဓာတုဗေဒ

(ဃ) ရူပဗေဒ

(င) အဏ္ဏဝါသိပ္ပံ

၂။ ပါရဂူဘွဲ့ (PhD) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့ သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်(၁)နှစ် တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသောဘာသာရပ်နယ်ပယ် ၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူ ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ(၃) နာရီ မေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဝင်ရောက်ဖြေဆိုရန်မလိုပါ) လူတွေ့ စစ်ဆေးခြင်းကို ဖြေဆို အောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြ ဖြစ်ပါက နည်းပြ၊ သရုပ်ပြ ရာထူး တွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူ ရာထူး တွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်း ဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့် ပြုခြင်းဖြင့် ဌာနဆိုင်ရာ လုပ်ငန်းတွင် တိုက်ရိုက် အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီး အကဲက ထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်)သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁) နှစ် တက်ရောက်ခွင့် ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထား လိုသော ဘာသာ ရပ်နယ်ပယ်၌ အနိမ့်ဆုံး **မဟာဘွဲ့ အောင်မြင်သူ** ဖြစ်ရမည်။
ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီ မေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆို အောင်မြင်ပြီး လူတွေ့ စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့် စာမေးပွဲ ဝင်ရောက်ဖြေဆိုရန်မလိုပါ) လူတွေ့ စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ (သို့မဟုတ်) ယင်းနှင့်အဆင့်တူ သင်ကြားရေး ရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံး ရှိရမည်။

(၄) ပါရဂူအကြို သင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြား ရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြု ကြောင်း ထောက်ခံစာ တင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်း မဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထား လိုသော ဘာသာရပ်နယ်ပယ် ၌ အနိမ့်ဆုံး မဟာဘွဲ့ကို CGPA 4.5 နှင့်အထက် ရရှိသူ (သို့မဟုတ်) အနည်းဆုံး မဟာဘွဲ့ အပြင် ကိုယ်တိုင်သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာ ပါရဂူဦးစီးကော်မတီက အသိအမှတ် ပြုသူ ဖြစ်ရမည်။

၃။ မော်လမြိုင်တက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၉-၅-၂၀၂၆ ရက်(အင်္ဂါနေ့) နောက်ဆုံးထား လျှောက်ထား ရမည်။

၄။ လျှောက်ထားသူများသည် မော်လမြိုင်တက္ကသိုလ်တွင် ပါရဂူဘွဲ့ (PhD) သင်တန်း ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

(က) ၂၁-၅-၂၀၂၆ ရက် (ကြာသပတေးနေ့)
၉:၀၀ နာရီမှ ၁၂:၀၀ နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၂-၅-၂၀၂၆ ရက် (သောကြာနေ့)
၉:၀၀ နာရီမှ ၁၂:၀၀ နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရရှိသူများကို ၂၈-၅-၂၀၂၆ ရက်(ကြာသပတေးနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ် ပါမောက္ခ (ဌာနမှူး) များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့် နှင့် စပ်လျဉ်း၍ သင်တန်းရေးရာ ဌာနမှူး (ဖုန်း-၀၉-၄၅၀၀၄၁၉၀၅) ထံတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**မော်လမြိုင်တက္ကသိုလ်**

## ပတ်စ်ပို့ပျောက်

ချိန်လီဇွေ့ ၁/မညန(နိုင်)၁၅၇၆၅၃ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MG-755345 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၄၀၀၀၁၇၉၁၃**

## အလိမ္မာ စာမှာရှိ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/93862 Sporter 125 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co.,Ltdက ကမ-၃ ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/53777 Supreme Force 110 ယာဉ်လက်ဝယ်ရှိသူ Mani Mandai Co.,Ltd က ကမ-၃ပျောက် မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/82818, Honda Wave-100 ယာဉ်အမည်ပေါက်သူ ဦးစံတင့် ၁၃/တကန(နိုင်) ၀၃၄၈၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး (တောင်ကြီး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 67W/69893 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါနိုင် ၉/ကဆန(နိုင်) ၁၁၉၃၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/73847 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးစောအောင် ၁၄/မအပ(နိုင်) ၁၇၄၆၉၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 67W/97699 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ဖြူမွှေစိုရ်လမ်းနှင့် ခွာညိုလမ်းထောင့်၊ တိုက်အမှတ်(၈/၂)၊ နှစ်ခန်းတွဲ၊ (၈)ထပ်ခွဲတိုက်၏ အခန်းအမှတ်(၅/ဘီ)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ခင်ဥမ္မာ (၁၂/ဥကတ(နိုင်)၁၀၅၀၂၅) မှ လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူညွှန့်**
**B.A, H.GP, D.B.L, D.M.L ၊ အထက်တန်းရှေ့နေ(စဉ်-၁၂၃၉၁)**
**အမှတ်-၅၈/၃၊ အဝေရာလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်လုံချမ်း၊ ၁၂/ပဇတ(နိုင်) ၀၀၇၀၅၉ နှင့် ဦးစောထွန်း ၁၂/ပဇတ(နိုင်)၀၂၈၂၂၉တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေနှစ်ဦးမှာ မောင်နှမအရင်းတော်စပ်ကြပြီး ၄င်းတို့၏ ဖခင်ဖြစ်သူ ဦးပေါ်ထွန်း (ခ) ဦးမြတ်သူ (CI ၀၀၀၅၄၁)သည် ယခုအခါတွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ ဖခင်ကွယ်လွန်သည့်အချိန်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၃၃၂) ဟု ခေါ်တွင်သော နှစ် (၆၀) မြေငှားဂရန် မြေကွက်အားရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ ယနေ့အချိန်ထိ ဖခင်အမည်ပေါက်လျက် ကျန်ရှိခဲ့ပါသည်။ ထိုဂရန် မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေနှစ်ဦး၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားနည်းတစ်စုံတစ်ရာ စီမံခန့်ခွဲခြင်း၊ အမည်ပြောင်းခြင်း မပြုလုပ်ပါရန် လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကလျာဝင်း(စဉ်-၃၄၂၁၁)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၇၈၂၇၈၂၇၂၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၆-ခ/၁၊ ခေမာသီရိရပ်)၊ ဦးပိုင်အမှတ်(၈၄)၊ မြေဧရိယာ(၀.၁၆၆)ဧကရှိမြေကွက်သည်မူလကဦးကစ္စနားမန်လားလ်မာအမည်ဖြင့် (၄-၁၁-၂၀၁၄)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူဦးကစ္စနားမန်လားလ်မာမှာ (၁၉-၅-၂၀၀၅) ရက်တွင်လည်းကောင်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဒန်မတ်လတ်နီး မှာ (၂၆-၉-၂၀၁၂) ရက်တွင်လည်းကောင်းအသီးသီးကွယ်လွန်သွားခဲ့ကြပြီး ၎င်းတို့၏ တစ်ဦးတည်းသော သားဖြစ်သူ ဦးရှိဆန်းမှ (၁၆-၃-၂၀၂၆) ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၁၅၁/၂၀၂၆)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ယခုအခါ ဦးရှိဆန်း ၁/မကန (နိုင်)၀၃၄၁၁၈ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ သမာဓိ ကိုယ်ပိုင်အထက်တန်းကျောင်း Grade -7 မှ သဇင်ဦး ၃/ကဆက (နိုင်) ၁၅၈၂၀၉ (ဘ) ဦးအောင်ခိုင်ဦး၏ သမီးအား မအိန္ဒြေဖြိုးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 22W/5324 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/60320, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကိုကိုအောင် ၉/တတဥ(နိုင်) ၀၉၈၆၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/4758, Toyota Ipsum ACM21, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးစိုးလွင် ၆/ထဝန(နိုင်)၀၂၈၁၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် မြို့တော်ခန်းမနှင့် လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမတို့တွင် လေအေးပေးစက် (၅၇) လုံးနှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း လုပ်ငန်း(Lot-1)နှင့် မြို့တော်ခန်းမသို့ ပေးပို့သော 1C x 400mm² Main Cable နှင့် ဆက်စပ်ပစ္စည်းများ လဲလှယ်ခြင်း လုပ်ငန်း(Lot-2)တို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ တင်ဒါပုံစံဝယ်ယူခြင်း၊ တင်သွင်းခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) တင်ဒါပုံစံထုတ်ပေးမည့်ရက် - (၁၁-၅-၂၀၁၆)ရက်
(ခ) တင်ဒါပိတ်မည့်ရက် - (၅-၆-၂၀၁၆)ရက်၊ (၁၆:၀၀)နာရီ
(ဂ) တင်ဒါပေးသွင်းရမည့်နေရာ - အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**စုံစမ်းရန်နေရာ/ဌာန - အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
(ဖုန်း-၀၆၇-၃၄၁၄၂၉၇, ၀၉-၄၀၀၃၀၃၇၈၄)

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပွင့်ဖြူမြို့နယ်တရားရုံးတော်၌
## ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄

ကိုခိုင်မျိုးထွန်း နှင့် မယဉ်ယဉ်ဦး
(တရားလို) (တရားပြိုင်)

အမှတ်(၃)ရပ်၊ မောင်တောမြို့၊ မောင်တောခရိုင်၊ ရခိုင်ပြည်နယ်နေ မယဉ်ယဉ်ဦး (ဘ) ဦးထွန်းတင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်တွင် ပွင့်ဖြူမြို့နယ်၊ ပွင့်ဖြူမြို့မရဲစခန်းနေ တရားလို ကိုခိုင်မျိုးထွန်းက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ်၊ မေလ ၂၂ ရက်( ၁၃၇၈ခုနှစ်၊ ကဆုန်လကွယ် ၇ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကနေ့ရက်တွင် သင်မလာ၊ မရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ်၊ မေလ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဘုန်းမြတ်ငြိမ်း)
ဒုတိယမြို့နယ်တရားသူကြီး
ပွင့်ဖြူမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၉)၊မြေကွက်အမှတ် (၁၇၂) ဟုခေါ်တွင်သောအကျယ်အဝန်း (ပေ၄၀x ပေ၆၀)ရှိ ဦးညွန့်စိန် (၁၂/ဒဂန(နိုင်)၀၀၈၉၄၃] အမည်ပေါက်ထွက်ရှိထားသည့် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတွင် ဦးငြိမ်းချမ်းအောင်( ၉/သေရ(နိုင်)၀၀၀၆၉၂) သည်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံပြောဆို ကာရောင်းချရန် အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်ဝင်းကြိုင်[ ၅/ပလန(နိုင်)၀၆၆၉၃၀] ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မြတ်နိုင် (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၅၉၆၇)**
**အမှတ်(၄၂/ဘီ)၊ မအူပင်လမ်း၊ ကျွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၉၂၀၀၃၅၊၀၉-၉၅၅၆၂၉၁၂၇**

### ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်-၄၆ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၆) ထပ်တိုက်၏ မြေညီထပ်-အေ၊ အကျယ်အဝန်း(၁၂½ x၅၀)ပေရှိ တိုက်ခန်း အပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်ချို(ခ)ဒေါ်နီနီချို (၁၃/တကန(နိုင်)၀၂၉၂၇၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အိအိဖြိုးဟန် (၅/မရန(နိုင်)၁၆၈၆၉၈)မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ဤကြေညာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ရတနာဌေး
LL.B,D.B.L,C.B.L,WIPO(SWITZERLAND)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၂၉)

ဒေါ်မျိုးမြတ်သူ
LL.B,D.I.L,D.B.L
အထက်တန်းရှေ့နေ(စဉ်-၅၇၁၁၃)

အမှတ်-၃၄(မြေညီ)၊ နိဗ္ဗာန်လမ်း၊ သာခုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၁၀၀၃၃၇၉,၀၉-၄၂၀၀၉၅၂၂၀,၀၉-၇၆၆၂၀၃၃၇, ၀၉-၇၆၆၁၂၄၇၄၉

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## စီမံရေးရာဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ (ငွေလုံးငွေရင်းသဘော)ဖြင့် ဆောင်ရွက်မည့် ပျဉ်းမနားမြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးအသစ် ခြံစည်းရိုး (၃၃၉'x၆')ပြုလုပ်ခြင်းနှင့် ကျောက်စီမြေကာနံရံအသစ် (၃၃၉'x၁၈') တည်ဆောက်ခြင်း(Lot-1)၊ ပျဉ်းမနားမြို့၊ ရန်အောင် (၂) ရပ်ကွက်၊ အရာထမ်း အိမ်ရာခြံစည်းရိုး (၁၈၅'x၆') ပြုလုပ်ခြင်းနှင့် သပြေလမ်းဝန်ထမ်းအိမ်ရာ ခြံစည်းရိုး (၄၁၀'x၆') ပြုပြင်ခြင်း(Lot-2)နှင့် ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ အမျိုးသမီးနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးအသင်းရုံးဘေး၊ စက်စက်ယိုချောင်းတွင် ကျောက်စီမြေကာနံရံ (၁၀၅'x၈')ပြုလုပ်ခြင်းနှင့် ရတနာသိဒ္ဓိရပ်ကွက်၊ ကျွန်းချောင်းလမ်းနှင့် ကျွန်းချောင်း (၄) လမ်းကြားတွင် လမ်းဘေးပန်းခြံ(၃၂၃၂'x၂') ခြံစည်းရိုးပြုလုပ်ခြင်း(Lot-3) လုပ်ငန်း များ အား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် အောက်ဖော်ပြပါအတိုင်း လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၁၃- ၅ -၂၀၁၆)ရက်၊(ဗုဒ္ဓဟူးနေ့) နံနက်(၉:၃၀)မှ ညနေ (၄:၃၀)
(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် ရက်၊ အချိန်** - (၂၆-၅-၂၀၁၆)ရက်၊ (အင်္ဂါနေ့) ( ၁၆: ၀၀ )နာရီ
(ဂ) **တင်ဒါလျှောက်လွှာဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - စီမံရေးရာဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန၊ ဖုန်း- ၀၆၇-၃၄၁၄၆၁၄၊ ၀၆၇-၃၄၁၄၁၀၇ တို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါဖွင့်လှစ်မည့်ရက်အား ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**တင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပွင့်ဖြူမြို့နယ်တရားရုံးတော်၌
## ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၉

မအိစံ နှင့် ကိုဇော်ဟိန်း
(တရားလို) (တရားပြိုင်)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ စစ်တွေမြို့မရဲစခန်းနေ ကိုဇော်ဟိန်း (ဘ) ဦးကြည်ဝင်း (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်တွင် ပွင့်ဖြူ မြို့နယ်၊ ပွင့်ဖြူ မြို့မရဲစခန်းနေ တရားလို မအိစံက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ်၊ မေလ ၂၂ ရက်( ၁၃၇၈ ခုနှစ်၊ ကဆုန်လကွယ် ၇ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကနေ့ရက်တွင် သင်မလာ၊ မရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ်၊ မေလ (၈) ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဘုန်းမြတ်ငြိမ်း)
ဒုတိယမြို့နယ်တရားသူကြီး
ပွင့်ဖြူမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊မြေကွက်အမှတ်(၁၁၆၉)ဟုခေါ်တွင်သော အကျယ်အဝန်း(ပေ၄၀x ပေ၆၀)ရှိ ဦးအောင်သန်းဦး (၁၂/ပဇတ(နိုင်)၀၀၂၅၀၀) အမည်ပေါက်ထွက်ရှိထားသည့်မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုလက်ရှိတွင် ဦးငြိမ်းချမ်းအောင်( ၉/သေရ(နိုင်)၀၀၀၆၉၂ ) သည်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံပြောဆိုကာရောင်းချရန်အဆိုပြုကမ်းလှမ်းလာ၍ကျွန်ုပ်၏မိတ်ဆွေမှအပြီး အပိုင်ဝယ်ယူရန်အတွက်မြေကွက်တန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်နိုင်[ ၉/အမရ(နိုင်)၁၀၁၅၀၂] ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မြတ်နိုင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၅၉၆၇)**
**အမှတ်(၄၂/ဘီ)၊ မအူပင်လမ်း၊ ကျွန်းတောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
ဖုန်း-၀၉-၄၅၉၂၀၀၃၅၊ ၀၉-၉၅၅၆၂၉၁၂၇

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ နွားဘူးကျင်းအုပ်စု၊ ကံကြီးကျေးရွာနေ ကျွန်တော် ဦးတင်ဖြိုးဇော်မှ အောက်ဖော်ပြပါ ၁။ လိုတရ ၂။ PURE LOTAYA ၃။ FRESH LOTAYA ၄။ CRYSTAL LOTAYA ၅။ FAMILY LOTAYA အမည် တစ်ခုခုဖြင့် သောက်ရေသန့်ထုတ်လုပ်ရန် စီစဉ်ထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသော သောက်ရေသန့်စက်ရုံများ အမည်တူရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇) ရက်အတွင်း ဦးတင်ဖြိုးဇော်ထံတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း၊ viber ဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမပြုပါက ယခုဖော်ပြပါ အမှတ်တံဆိပ်တစ်ခုခုဖြင့် အမည်ထောက်ခံချက် ဆက်လက်လျှောက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်ဖြိုးဇော်**
ဖုန်း – ၀၉၇၇၇၇၆၈၉၁၀
Viber- ၀၉၇၉၄၂၅၆၆၃၄

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ – ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၁၉

ဒေါ်မေရီထွေး နှင့် ၁။ ဦးတန်လင်ယု(ခ) ကိုလင်ရီ(ခ)တန်လျန်အိ
၂။ ဒေါ်ခင်မြမော်
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊ အောင်သုခ(၃)လမ်း၊ အမှတ်-၉၉၈ နေ (၁) ဦးတန်လင်ယု(ခ)ကိုလင်ရီ(ခ) တန်လျန်အိနှင့် (၂) ဒေါ်ခင်မြမော် (ယခုနေရပ်လိပ်စာ မသိသူ) တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက“ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ်၊ မေလ၊ ၂၅ ရက် (၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဆုထူးပန်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

### နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ကွင်း/အကွက်အမှတ်(၁၆၅၁/သပြေလှကွင်း)၊ ဦးပိုင်အမှတ် (၂၃/၅)၊ ဧရိယာ(၀.၀၅)ဧကအကျယ်အဝန်းရှိ ဒေါ်ယမင်းသော် (ဘ)ဦးကျော် ၉/ပမန(နိုင်)၁၉၁၉၃၅ အမည်ပေါက်(၁၀) နှစ် မြေငှားဂရန်စာချုပ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်စပ်လျဉ်း၍ အများသိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ ဦးပိုင်အမှတ်(၂၃/၅)အား လက်ရှိထားအမည် ပေါက်ပိုင်ဆိုင်သူဖြစ်သော ဒေါ်ယမင်းသော် (ဘ)ဦးကျော် ၉/ပမန(နိုင်)၁၉၁၉၃၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာမျိုး (ဘ)ဦးကျင်ဟင်း(ခ)မျိုးနိုင် ၁၂/ဥကတ(နိုင်)၁၇၂၈၅၆ မှာ အဆုံးအပိုင်လက်ရောက်ဝယ်ယူရန် သဘောတူညီကြပါသောကြောင့် ရောင်းကြေးစရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါရှိသည့် ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စရပ် များအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းသန္တာဇော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် ၁၃၃၅၆/၂၀၁၇)**
**အမှတ်(၃/၁၈၄)၊ အုတ်ကျင်းရပ်ကွက်၊ ဦးဘွားလမ်း၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၄၂၀၇၅၄၀၈၇၊ ၀၉-၇၉၇၈၅၁၈၅၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့ ၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၄၃၅၉)၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဦးလှိုင်ထွန်း ၉/ပမန(နိုင်)၀၀၄၃၈၆ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးထွန်းနိုင်အေး ၉/သစန(နိုင်)၀၉၈၀၅၃ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာ တင်ပြ၍နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/5589 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဟ/၁၈၁၇ ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2S/6213၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 70W/78533 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မွေးသက္ကရာဇ်အမှန်

လယ်ဝေးမြို့နယ်၊ သော်မှော်ကုန်းအုပ်စု၊ ကျွန်းကုန်းရွာနေ (ဘ)ဦးလှအောင်၏ သမီး ဒေါ်ခင်မာဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ၂၇-၃-၁၉၆၅ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၄၈၃၅၃ LOUJIA 110 ယာဉ်လက်ဝယ်ရှိသူ ဦးစမ်းလှိုင် ၉/ကပတ(နိုင်)၀၀၁၇၇၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/98764, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးတင့်ဆွေ ၁၄/မအပ(နိုင်)၁၈၉၇၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)**
**မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6R/8334 ယာဉ်လက်ဝယ်ရှိသူဦးဇထန်း ၄/ဟခန(နိုင်) ၀၂၉၉၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ချင်းပြည်နယ်ရုံး**
**(ဟားခါး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/58170 Zong Shen 110 M/C ယာဉ်လက်ဝယ် ရှိသူ ဦးအာကာဖြိုးမင်း ၉/အမဇ(နိုင်) ၀၅၆၅၃၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အမည်မှန်

ရေတပ်ပင်မတိုင်းတာရေးတပ်တွင် တာဝန်ထမ်းဆောင်နေသော ကိုယ်ပိုင်အမှတ်-၂၈၆၃၅ ဒုအရာခံဗိုလ်/၁၁၈၊သား မောင်ဟိန်းထက်လျှံ၏ အမည်မှန်မှာ မောင်သာယာဟိန်းထက် ၁၂/သလန(နိုင်)၁၉၉၀၈၀ ဖြစ်ပါသည်။

**မောင်သာယာဟိန်းထက်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3S/1428၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

စာအုပ် စာပေ လူ့မိတ်ဆွေ

## ဦးကျော်ထင်
## ညွှန်ကြားရေးမှူး (ငြိမ်း)
## ဆည်မြောင်းဦးစီးဌာန
## အသက် (၉၁) နှစ်

မွန်ပြည်နယ်၊ ကတိုးကော့နှပ်ကျေးရွာနေ (ဦးလှမောင်-ဒေါ်အေးစိန်) တို့၏သား၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးစံပေါ်-ဒေါ်စံဝင်း) တို့၏သားသမက်၊ (ဦးစိန်လွင်-ဒေါ်လေးကြည်)၊ (ဦးချစ်သိန်း-ဒေါ်ရှယ်လီ) တို့၏ မောင်/ညီ၊ ဒေါက်တာဦးမျိုးမြင့်-(ဒေါက်တာဒေါ်လေးခင်) တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဒေါ်သန်းသန်းနု @ Margaret San Paw အထပြ (ငြိမ်း) ၏ ချစ်လှစွာသော ခင်ပွန်း၊ သားသမီး (၅) ယောက်တို့၏ ဖခင်၊ မြေး (၉) ယောက်တို့၏ အဘိုး ဦးကျော်ထင်(ညွှန်ကြားရေးမှူး -ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) သည် ၁၁ -၅ -၂၀၂၆ ရက် (တနင်္လာနေ့) ည ၉:၄၅ နာရီတွင် လူကြီးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၅ -၅- ၂၀၂၆ ရက် နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါ၍ ညှိုးငယ်သောစိတ်ထားဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှလှရီ (ကျောက်ဖြူ)
## အထက်တန်းပြ (ငြိမ်း)
## အသက် (၉၅) နှစ်

ကျောက်ဖြူမြို့၊ ဗိုလ်ချုပ်လမ်း၊ အရှေ့ပိုင်းရပ်နေ(ရှေ့နေကြီး ဦးကောင်း-ဒေါ်ဒါနု)တို့၏သမီး၊ (သာသနာရေးဝန်ကြီး(ငြိမ်း) ဦးဘစော - ဒေါ်ဖြူဖြူ) တို့၏တူမ၊ [ဦးဘကျော် ညွှန်ကြားရေးဝန် (ငြိမ်း) - ဆရာမ ဒေါ်သန့်သန့်]၊ [ဒေါ်မြိုင် ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)]၊ (ဦးထွန်းမြိုင်)၊ [ဒေါ်အုံးကြင် ဒု-ညွှန်မှူး (ငြိမ်း)]၊ [ဦးအုန်းမြိုင် လက်ထောက်ကျန်းမာရေးမှူး (ငြိမ်း) - ဒေါ်ရီရီမြင့်]၊ [ဦးဘမြိုင် လဝကမှူး၊(ငြိမ်း)] - ဒေါ်စန်းရီ တို့၏ ညီမ၊ (ဒုတိယဗိုလ်မှူးကြီးအောင်ချစ်) - ဒေါ်သဇင်သာထွန်း၊ (ဗိုလ်ကြီး ဘစံ - ဒေါ်ဒေါ်လီ)၊ (ဦးမောင်မောင် တိုင်း-လျှပ်စစ်အင်ဂျင်နီယာ၊ ငြိမ်း - ဒေါ်နုနုယဉ်)တို့၏အစ်မ၊ တူ၊ တူမ (၂၈) ယောက်တို့၏ အဒေါ်သည် ၁၁-၅-၂၀၂၆ ရက် (တနင်္လာနေ့) မွန်းလွဲ (၂:၃၀)နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်ကို ၁၃-၅-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၉:၀၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ရီ (ရန်ကင်း)
## အသက်(၉၀)နှစ်

ထိန်တောမြို့(ဇကာကြီး)နေ(ဦးတင်ညွှန့်-ဒေါ်လှကြည်)တို့၏သမီး၊ (ဦးဘနှစ်-ဒေါ်သိန်းလှ) တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄) ရပ်ကွက်၊ တိုက်အမှတ်(၂၁၃)၊ အခန်း(၂၅)နေ ဦးမြင့်ဆွေ [စာရင်းကိုင်ချုပ် (ငြိမ်း)EPCမင်္ဂလာတောင်ညွန့်မြို့နယ်]၏ချစ်လှစွာသောဇနီး၊ ဒေါ်ဆွေဆွေဦး၊ ဦးကြည်အောင်ကို-ဒေါ်ကြည်ကြည်ဆွေ တို့၏ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်၊ ဦးမောင်မောင်ဇော်၏ ချစ်လှစွာသောအဒေါ်၊ မောင်သီဟထက်နိုင်၊ မကြည်စင်လင်းလက် တို့၏ ချစ်လှစွာသောကျေးဇူးရှင် ဘွားဘွားသည် ၁၂-၅-၂၀၂၆ ရက် (အင်္ဂါနေ့) ညနေ ၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၁၄-၅-၂၀၂၆ ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်ဉာဏ်
## အသက် (၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၁၂၇)၊ အုဋ္ဌလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးထွန်းတင့်-ဒေါ်မေသန်း)တို့၏သားကြီး၊ (ဦးမြင့်ဦး-ဒေါ်မြမြ)တို့၏ သားသမက်၊ ဒေါ်ခင်ညိုဦး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းထိန်၊ ဦးအောင်ဇော်မြင့်၊ ဦးရဲမြင့်အောင်၊ ဒေါ်ခင်သန္တာအောင်တို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ မောင်ရဲကောင်းမြတ်၏ အဘိုးသည် ၁၁-၅-၂၀၂၆ရက် (တနင်္လာနေ့) ည ၈:၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ အမှတ် (၇၃)၊ ၂၉ လမ်း၊ (အောက်လမ်း) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါက်တာ မေသဇင်ခိုင်
## အသက် (၃၂) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းသစ်တောဝင်း၊ အင်ကြင်းလမ်းနှင့် မဟော်ဂနီလမ်းထောင့်၊ အမှတ်(က-၁၁)နေ ဦးသန်းထွန်း- ဒေါ်ခင်မာအေးတို့၏သမီးကြီး၊ မြိတ်မြို့နေ ဦးသန်းဌေး- ဒေါ်မြင့်ရီတို့၏ သမီးချွေးမ၊ မမေစံပယ်ဖြူ၏အစ်မ၊ ဒေါက်တာအာကာလင်း၏ ချစ်လှစွာသောဇနီးသည် ၁၁-၅-၂၀၂၆ ရက် ညနေ ၆:၄၄ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၃-၅-၂၀၂၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၇-၅-၂၀၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဝဏ္ဏကျော်ထင်ဦးသက်ထွန်း
### တရားရုံးချုပ်တရားသူကြီး(ငြိမ်း)၊ စီမံထူးချွန်(ပထမဆင့်)
### အသက် (၈၆) နှစ်

ရန်ကုန်မြို့နေ ဝဏ္ဏကျော်ထင်ဦးသက်ထွန်း၊ တရားရုံးချုပ်တရားသူကြီး (ငြိမ်း)၊ စီမံထူးချွန် (ပထမဆင့်)သည် (၁၀-၅-၂၀၂၆)ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်**
**တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေး ဦးစီးမှူး၊**
**ခရိုင်နှင့် မြို့နယ်တရားသူကြီးများ/တရားရေး အရာရှိများ**

## ဦးမြင့်သိန်း (ရွှေဂျိုးသာပိုးထည်တိုက်)
## အသက် (၇၄) နှစ်

အမရပူရမြို့နယ်၊ တရုတ်တန်း (၄) ရပ်၊ ရွှေတော်ပြေးလမ်း၊ ရွှေဂျိုးသာခြံနေ (ဦးလှအောင်-ဒေါ်သန်းသန်း)တို့၏သား၊ (ဦးဘမြင့်-ဒေါ်ညိုညို)တို့၏သားသမက်၊ ဦးစိုင်းခမ်းရှုန်-မရွှေဟသ်ာ၊ ဦးရဲမင်းကို-မထက်မြင့်ညို (တုံတုံ)၊ ကိုငြိမ်းချမ်း(ဂျိုးဂျိုး)၊ ကိုခေါင်စွမ်းသာ(ဝိုင်း)-မစန္ဒာအောင်တို့၏ဖခင်၊ မောင်ရွှေလက်ရုံး၊ မောင်ရွှေမင်းညို၊ မောင်ရွှေလင်းရောင်တို့၏အဘိုး၊ ဒေါ်မမ၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သိန်း အသက် (၇၄)နှစ်သည် ၁၁-၅-၂၀၂၆ ရက် နံနက် ၂: ၂၈ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်း ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၁၃-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် ကြော်ငြာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁၄)ရပ်ကွက်၊ ကွင်းအမှတ် - ၇၆ ၊ အကွက်အမည် - ဥမ္မာဒန္တီ ၊ ဦးပိုင်အမှတ် - C ၂၇၅ ၊ မြေအမျိုးအစား - မြို့မြေ ၊ ဧရိယာ (၀.၀၅၅) ဧကရှိ ခြံမြေကွက်နှင့် ယင်းမြေပေါ်တွင်တည်ဆောက်ထားသော(၂)ထပ်သစ်သားအိမ်တို့၏အကျိုးခံစားခွင့်ကို ဒေါ်သက်မာမြင့် ၁၄/ပပတ(နိုင်)၁၂၄၂၉၂ ၏ မြေစာရင်းပုံစံ -၁၀၅ ထွက်ရှိပြီး ၎င်းတစ်ဦးတည်းပိုင်ဆိုင်၍ မည်သူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်ခြင်းမရှိကြောင်း အများသိရှိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်သက်မာမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယုယုအောင် (L.L.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၆၇/၂၀၁၃)**
**အမှတ်-(၁၃၆၆)၊ သဘော်ကျင်း၊ အကယ်ဒမီလမ်း၊ ပုသိမ်မြို့၊**
**ဖုန်း-၀၉-၄၂၂၅၃၇၇၇၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅/သာဇီအနောက်၊ ဦးပိုင်အမှတ် (၇)၊ ဧရိယာ(၀.၁၄၉)ဧကရှိ ဦးကြည်(ပါ)၂-ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၈/၂၀၂၀၊ ၅၀၆/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလမင်းသိန်း ၇/တငန(နိုင်)၀၀၁၀၅၈မှ အရောင်းအဝယ်စာချုပ်အမှတ် (၃၁/၇-၅-၅၆)၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက် အမှတ်(၅၈/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးဝင်းသိန်း၉/ပမန(နိုင်)၀၁၀၄၃၇၊ ဒေါ်သန်းနု ၉/ပမန(နိုင်)၀၁၀၄၃၀တို့ အမည်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေကွက်အမှတ် (ဒ-၃၁၇၂၉)၊ အကျယ်အဝန်း ပေ(၈၀x၈၀)၊ ဧရိယာ(၀.၁၄၆)ဧကရှိ ဒေါ်နန်းမြ (ဘ) ဦးလှိုချင်တောင် (၁၃/မကန(နိုင်)၀၀၀၂၂၈ )အမည်ပေါက် မြေပေးမိန့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ဝယ်ယူထားပြီး လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကိုဦး (ဘ)ဦးဇော်နိုင် (၁၂/ကမန(နိုင်)၀၉၁၈၆၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုအောင် (ခ) မို့မို့အောင် (ဘ) ဦးအောင်သိန်း ( ၉ / ပဥလ(နိုင်)၀၀၃၈၁၀ )မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော မြေပိုင်ဆိုင်မှုမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံး သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်စုစုအောင် (ခ) မို့မို့အောင်** | **ဒေါ်မေသဇင်ချစ် (LL.B)** |
| **၉/ပဥလ(နိုင်)၀၀၃၈၁၀** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၃၆/၂၀၁၇)** |
| | **အမှတ် (၂၆၆၁)၊ ဒေါနလမ်း၊** |
| | **တပင်ရွှေထီးရပ်ကွက်၊** |
| | **ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊** |
| | **ဖုန်း-၀၉-၄၃၁၁၂၄၀** |

## ဝမ်းနည်းကြေကွဲခြင်း
## ဝဏ္ဏကျော်ထင် ဦးသက်ထွန်း (စီမံထူးချွန်ပထမဆင့်)
### တရားရုံးချုပ်တရားသူကြီး(ငြိမ်း)
### အသက် (၈၆) နှစ်

ဆရာ၊ တရားရုံးချုပ်တရားသူကြီး(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးသက်ထွန်း (စီမံထူးချွန်ပထမဆင့်) သည် ၁၀-၅-၂၀၂၆ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇)တရားရေးအရာရှိ သင်တန်းဆင်းများ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၂

| | | |
|---|---|---|
| ဦးမြအောင် | နှင့် | ဦးအောင်မြင့် |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ် (၆၆၆) - နေ တရားပြိုင် ဦးအောင်မြင့် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ (၂၂)ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလုပ်လိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ (၈)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မေသဥ္ဇာနွယ်)
တွဲဖက်မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက (ဝဲကလိ) Grade-9 ဖြေဆိုပြီးသူ (ဘ) ဦးအောင်မိုးဝင်း၏ သား မောင်ဂျွန်၏ မိခင် ဒေါ်နီနီချမ်း၏ အမည်မှန်မှာ ဒေါ်ခေါန်ဆန်း ၁၀/သဖရ (နိုင်) ၁၂၁၆၂၈ ဖြစ်ပါကြောင်း။

**ဒေါ်ခေါန်ဆန်း**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အုတ်ဖိုအုပ်စု၊ သင်တောကျေးရွာနေ (အဘ) ဦးထွန်းဝင်း၏ သမီး အမည်မှန်မှာ မဇင်ဦးနွေ (၇/သကန(နိုင်)၁၆၈၃၃၅)ဖြစ်ပါကြောင်း။

**မဇင်ဦးနွေ**
**၇/သကန(နိုင်)၁၆၈၃၃၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၃၆၃၆၄ ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၇/ဝမန(နိုင်)၁၀၀၃၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၂၈ဘီ နှင့် ၂၈စီ ၊ ဧရိယာ-၀.၁၆၈ဧက နှင့် ၀.၀၃၃ဧက အကျယ်အဝန်းအသီးသီးရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ငွေကြာရံရိပ်သာ၊ ကြာပဒုမ္မာလမ်း၊ အမှတ်-၂၈ဘီ ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မာဌွယ်(၁/ဗမန(နိုင်)၀၄၅၈၀၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေများအနက်မှ တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေ(၂)ကွက်နှင့် အဆောက်အအုံအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်၊

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀၁-၆၃၅၂၊ ၀၉-၅၅၀-၆၅၅၆၊

## မိခင် အမည်မှန်

သရက်ချောင်းမြို့နယ်၊ ပြင်းဖြူကြီးကျေးရွာအုပ်စု၊ ပြင်းဖြူကြီးကျေးရွာနေ မမိုးဇက်ဌေး၏ မိခင်အမည်မှန်မှာ ဒေါ်မြအေး ၆/သရခ(နိုင်)၁၀၅၈၇၂ ဖြစ်ပါကြောင်း။

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



# ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၃)အဆန်/အမှတ်(၄)အစုန်လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားနှင့် သာစည်-နေပြည်တော်-သာစည်၊ နေပြည်တော်-တောင်ငူ-နေပြည်တော်နှင့် တောင်ငူ-ပဲခူး-တောင်ငူ ခရီးစဉ်အဖြစ် RBE ခရီးတိုရထားများ စတင်ပြေးဆွဲမည်

နေပြည်တော် မေ ၁၂

နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများအဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်အဖြစ် အမှတ်(၅)အဆန်/ အမှတ်(၆)အစုန် လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားအား ၂၀၂၆ ခုနှစ်၊ မေ ၁ ရက်မှ စတင်ပြေးဆွဲပေးခဲ့ပြီး ခရီးသည်များကြိုက်နှစ်သက်၍ စီးနင်းမှုများသောကြောင့် အမှတ်(၃)အဆန်/အမှတ်(၄)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား မေ ၁၅ ရက်မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ❖


## ယနေ့ ဖတ်စရာ

ရေရှည်အကျိုးကျေးဇူးများပြားလှသည့် သဘာဝမြေဩဇာ
ဆောင်းပါး စာ ၁၀



၂၀၂၆ ခုနှစ် ဧပြီလအတွင်း ရန်ကုန် (ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ
ပြည်တွင်းသတင်း စာ ၁၃

ပင်လယ်ရေနက်စူးစမ်းလေ့လာရေးခရီး၌ အဏ္ဏဝါမျိုးစိတ်သစ် ၃၈ မျိုး တွေ့ရှိ
နိုင်ငံတကာသတင်း စာ ၁၄



## ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် မေ ၁၂

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၃၆ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# အမေရိကန်ထိပ်တန်းတင်းနစ်မယ် ဂျက်ဆီကာပဲဂူလာ အီတလီအိုးပင်းကွာတားဖိုင်နယ် တက်ရောက်

အမေရိကန်ထိပ်တန်းတင်းနစ်မယ် ဂျက်ဆီကာပဲဂူလာသည် အီတလီအိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ဩစတြီးယားနာမည်ကျော်တင်းနစ်မယ် အန်နာစတာစီယာ ပိုတာပိုဗာကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၇-၆ (၈-၆)၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

အသက် ၃၂ နှစ်အရွယ် ပဲဂူလာသည် ၆၄ ဦးအဆင့်တွင် တူကီယဲတင်းနစ်မယ် ဆေနက်ဆွန်မက်ဇ်၊ ၃၂ ဦး အဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် ရေဘက္ကာမာဆာရိုဗာတို့ကိုလည်း အဆင့်ဆင့်ကျော်ဖြတ်ထားသည်။ ၎င်းသည် ယခုပြိုင်ပွဲမတိုင်မီ ဧပြီလအစောပိုင်းက ကျင်းပခဲ့သည့် ချာလ်စတန်အိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ယူကရိန်းတင်းနစ်မယ် ယူလီယာကို အနိုင်ယူပြီး ဖလားဆွတ်ခူးထားသည်။ သို့သော်လည်း ဧပြီလနှောင်းပိုင်းက ကျင်းပခဲ့သည့် မက်ဒရစ်အိုးပင်းပြိုင်ပွဲတွင် ၃၂ ဦးအဆင့်အထိသာ တက်လှမ်းနိုင်ခဲ့သည်။

၎င်းသည် အီတလီအိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ကမ္ဘာ့အဆင့် (၄) ရှိ နာမည်ကြီး ပိုလန်တင်းနစ်မယ် အီဂါဆွိယာတက်ခ်နှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ဆွိယာတက်ခ်သည် ၁၆ ဦးအဆင့်တွင် ဂျပန်တင်းနစ်မယ် နာအိုမီ အိုဆာကာနှင့် တွေ့ဆုံခဲ့ပြီး

စာမျက်နှာ ၉ ကော်လံ ၁ ○



အမေရိကန်ထိပ်တန်းတင်းနစ်မယ် ဂျက်ဆီကာပဲဂူလာ။